Australian Aid

World Vision®

# Smart Navigator

# Training Manual

## ကျွမ်းကျင်သောလမ်းပြ သင်တန်းလမ်းညွှန် စာအုပ်



## Part D

The Vanguard Series

# အပိုင်း(ဃ)

# လူငယ်များဦးဆောင်မှုသင်တန်း

ဝေါလ်ဗီရှင်ဝန်ထမ်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီး ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူငယ်ဦးဆောင်သူများအား ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား ဦးဆောင်နိုင်ရန် ကူညီပေးကြသည်။ ဖြစ်နိုင်လျှင် ဝေါလ်ဗီရှင်ဝန်ထမ်းများသည် အဖွဲ့မစတင်ခင်နှင့် လူငယ်ဦးဆောင်သူများအား မခန့်ထားမီ သင်ရိုးညွှန်းတမ်းနှင့်ပါတ်သက်ပြီး သင်ကြားပေးသင့်ပါသည်။



# အခန်း (၁၀) ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား လူငယ် ဦးဆောင်သူများနှင့် မိတ်ဆက်ပေးခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများ အချင်းချင်း သိရှိနိုင်ရန် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အကြောင်း ပိုမိုလေ့လာနိုင်ရန်

## အချိန်

မိနစ် ၆၀

## အထောက်အပံ့ပစ္စည်းများ

- လူကြီး ဦးဆောင်သူများအတွက် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) မိတ္တူ တစ်စုံ-လူငယ်ဦးဆောင်သူများတွင် မလိုအပ်ပါ။
- ဦးဆောင်သူများအတွက် 'IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' မိတ္တူတစ်စုံစီ
- ကိုးကား 'IS 10b မှတ်ဉာဏ် ဘောလုံး ကစားနည်းမေးခွန်း1'A ဘောလုံး

## ပါဝင်သူများ

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ

## ဦးဆောင်သူများ

WV ဝန်ထမ်း သို့မဟုတ် လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ကျွမ်းကျင်သော လမ်းပြလူငယ် သင်တန်း လက်စွဲစာအုပ်နှင့် ဦးဆောင်ခြင်းသင်တန်း ပြီးပြီးသား ဖြစ်ရမည်။

## မိတ်ဆက်ခြင်း

အုပ်စုအား ကြိုဆိုပြီး ကိုယ့်ကိုကိုယ် မိတ်ဆက်ပါ။ ဤအခန်းသည် အဖွဲ့ဝင်အချင်းချင်း မိတ်ဆက်ခြင်းဖြစ်ကြောင်း ရှင်းပြပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများဖြစ်လာရန် မည်သို့လေ့လာမလဲ ဆိုတာ လေ့လာရမည်ဖြစ်ကြောင်း ရှင်းလင်းပေးပါ။

## စာနွေး - လုပ်ငန်းစဉ်

ဤလုပ်ဆောင်ချက်သည် ပါဝင်သူများအား အနားယူစေပြီးအခြားသူငယ်ချင်းများ၏နာမည်များအား လေ့လာနိုင်စေရန်ဖြစ်သည်။

ပါဝင်သူတစ်ဦးချင်းစီအတွက် လက်ကမ်းစာစောင် 'IS 10 စာနွေး ကစားနည်းများ' နှင့် "ဘောလုံးနံမည်ပေးနည်း ကစားနည်း" အလား အလှည့်ကျ မေးစေပါ။

ပါဝင်သူများနှင့်ကစားရန် အောက်ပါညွှန်ကြားချက်များအား လိုက်နာပါ။ ပြီးသွားသည့်အခါ ပါဝင်သူများအားလုံးကို စက်ဝိုင်းပုံ ထိုင်ခိုင်းပါ။

## ညွှန်ကြားချက်-ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဆိုတာ ဘာလဲ။

နောက်နှစ်များမှာ သူတို့သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား ဦးဆောင်လာရမည့်သူများဖြစ်ကြောင်း ရှင်းပြပေးပါ။ မရှင်းပြမီ၊ လေ့လာဖို့ စကားလုံးအသစ်များအား ရှင်းပြပါ-

### ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့

၎င်းသည် ကျွမ်းကျင်သောလမ်းပြလူငယ် Youth Club ၏ အတိုကောက် ဖြစ်သည်။

### ဦးဆောင်သူများ

သူတို့သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ပါ လုပ်ဆောင်မှုများအားလုံး ဦးဆောင်ရမည်။

### အခန်း

၎င်းသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolikt) ၏ လေ့ကျင့်ခန်းများဖြစ်သည်။ ယင်းတွင် အခန်း (၃၁)ခန်းပါရှိသည်။ အဖွဲ့အများစု နှစ်ပတ် တစ်ခါ တွေ့ရှိရမည်ဖြစ်ပြီး အခန်းတစ်ခန်းပြီးတိုင်း အစည်းအဝေးတစ်ခုရှိသည်။ အခန်းတစ်ခန်းသည် ၇၅ မိနစ်ခန့် ကြာမြင့်မည် ဖြစ်သည်။

### IS

IS ဆိုသည်မှာ သတင်းအချက်အလက် စာရွက်ဖြစ်သည်။ ၎င်းသည် Toolkit ၏ အစိတ်အပိုင်း
တစ်ခု ဖြစ်သည်။ ၎င်းတွင် ပါဝင်သူများမှ လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ၊ ဥပမာ အလှည့်ကျကစားခြင်းအတွက် ညွှန်ကြားချက်များ ပါဝင်သည်။

### ကျွမ်းကျင်သောလမ်းပြလူငယ် လက်ကမ်းစာအုပ်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင်ပါဝင်သူများအား ကျွမ်းကျင်သောလမ်းပြလူငယ်လက်ကမ်းစာအုပ် ပေးထားပြီး ၎င်းတွင် Toolkit တစ်ခုလုံး၏ အနှစ်ချုပ်ပါဝင်သည်။

ပါဝင်သူများကိုမေးရန်မေးခွန်းများ-

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဆိုတာ ဘာလဲ။
- ဦးဆောင်သူ ဆိုတာ ဘာလဲ။
- သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) ဆိုတာ ဘာလဲ။
- IS ဆိုတာ ဘာလဲ။
- ကျွမ်းကျင်သောလမ်းပြလူငယ် လက်ကမ်းစာအုပ်ဆိုတာ ဘာလဲ။
- အခန်း ဆိုတာဘာလဲ။
- အခန်းတစ်ခန်းကို ဘယ်လောက်ကြာမှာလဲ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် လူငယ်အဖွဲ့ဖြစ်ပြီး ပါဝင်သူများ၏ရွာတွင်ပြုလုပ်မည်ဖြစ်ကြောင်း ရှင်းပြပါ။ နှစ်ပါတ် တစ်ခါ သင်ခန်းစာတစ်ခု(တစ်နာရီနှင့် ၁၅ မိနစ်) ၇၅ မိနစ်စာအတွက် တစ်ကြိမ်စီတွေ့ကြမည်ဖြစ်သည်။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် လူငယ်များ ဘာလေ့လာနိုင်မလဲ။

အခန်းတစ်ခုစီတိုင်းတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် လူငယ်များအား သင်ကြားပေးနိုင်ရန်အတွက် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) ရှိ ညွှန်ကြားချက်များအား လိုက်နာရမည်။

- လူကုန်ကူးခြင်း
- ဘဝတွက်တာ ကျွမ်းကျင်စရာများ ( ဥပမာ၊ မည်သို့ စကားပြောဆိုရမည်၊ မည်သို့ နားထောင်ရမည်) အစရှိသည်တို့သည် လူငယ်များအား လူကုန်ကူးခြင်းကို ခုခံနိုင်ရည်ရှိစေရန် အကူအညီပေးသည်။
- လုံခြုံသော ရွှေ့ပြောင်းသွားလာမှုအတွက် မည်သို့ စီစဉ်မလဲ။
- အခြားသူများနှင့် လူကုန်ကူးခြင်း၏အန္တရာယ်အား မည်သို့ မျှဝေမလဲ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် သင်ကြားရန် ပုံဆွဲခြင်း၊ ကာတွန်းဆွဲခြင်း၊ကစားခြင်းနှင့် အလှည့်ကျကစားခြင်း အစရှိသည့် လုပ်ဆောင်မှုအမျိုးမျိုးကို အသုံးပြုသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ပျော်စရာဖြစ်သင့်သည်။

## ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ ဘာလဲ။

ရွှေ့ပြောင်းသွားလာခြင်းဆိုသည့် စကားရပ်သည် တစ်ဦးတစ်ယောက်မှ တစ်နေရာမှ အခြားတစ်နေရာသို့ အလုပ်အတွက် ရွှေ့ပြောင်းသွားခြင်းဖြစ်သည်။

## လူကုန်ကူးခြင်းဆိုတာ ဘာလဲ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် တက်ရောက်နေစဉ် သူတို့သည် လူကုန်ကူးခြင်းအား နက်ရှိုင်းစွာ သင်ကြားရမည်ဖြစ်သည်။ သို့သော်လည်း ရိုးရိုးရှင်းလင်းခြင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

**လူကုန်ကူးခြင်းဆိုသည်မှာ** လူများအား လိမ်ညာခြင်း သို့မဟုတ် တွန်းအားပေးပြီး အလုပ်ခိုင်းစေရန် ခေါင်းပုံဖြတ်ခြင်းဖြစ်ပြီး ယင်းဒုက္ခသည်များသည် ထွက်ခွာရန် ခက်ခဲသည်။ လူကုန်ကူးခြင်းသည် ဒုက္ခသည်များအား ခေါင်းပုံဖြစ်ရန်အတွက် တိုက်တွန်းခြင်း သို့မဟုတ် လိမ်ညာပြီး ၎င်းတို့နေထိုင်ရာနေရာမှ အခြားနေရာသို့ ခေါ်ဆောင်ခြင်းလည်း ပါဝင်ပါသည်။ သို့သော်လည်း၊ မရွှေ့ပြောင်းစေဘဲ လူကုန်ကူးခြင်းလဲ ဖြစ်နိုင်သည်။

**တွန်းအားပေးခြင်း**-လူများသည် အမျိုးမျိုးသော နည်းလမ်းများဖြင့် လူကုန်ကူးခံရနိုင်ကြောင်း ရှင်းပြပါ။ အချို့ကိစ္စရပ်များတွင် လစာကောင်းကောင်းရမည်ဟု လိမ်ညာပြီး သူတို့ရောက်ရှိချိန်တွင် အခြားအလုပ်များ လုပ်ကြရသည်။ အချို့ကိုတော့ သေတ္တာထဲ သို့မဟုတ် လှေထဲတွင်သော့ခတ်ထားပြီး ထွက်ခွင့်မပေးကြချေ။ အချို့ကတော့ သူတို့ထွက်ပြေးရင် သူတို့မိသားစု သို့မဟုတ် သူတို့အား ဆိုးဆိုးရွားရွားလုပ်ပစ်မည်ဟု ပြောကြသည်။ ယင်းတို့သည် အမျိုးမျိုးသော တွန်းအားပေးခြင်းများဖြစ်ကြသည်။

**လိမ်ညာလှည့်ဖြားခြင်း**- လိမ်ညာလှည့်ဖြားခြင်းမှာ ဖုံးကွယ်ခြင်း သို့မဟုတ် မှားယွင်းစွာအသိပေးခြင်း သို့မဟုတ် မရိုးသားခြင်းဖြစ်သည်။

**ခေါင်းပုံဖြတ်ခြင်း**- လူများသည် အခြားလူများအား အကျိုးအမြတ်ရရှိရန်အတွက် ခေါင်းပုံဖြတ်ရန် အသုံးချခြင်းအား ခေါ်သည်။ လူကုန်ကူးခံရသောအခါ သူတို့မလုပ်လိုသော လုပ်ငန်းအတွင်း အတင်းတိုက်တွန်းကာ အလုပ်လုပ်စေခြင်း၊ လစာလုံးဝမပေးခြင်း သို့မဟုတ် လစာအနည်းငယ်ဖြင့် အလုပ်လုပ်စေခြင်း၊ လိင်ဖြင့် အလုပ်လုပ်စေခြင်း၊ သို့မဟုတ် သူတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်းအား ရောင်းချခံရခြင်း အစရှိသည့် ခေါင်းပုံဖြတ်ခြင်းမျိုးကို ခေါ်သည်။

## ဘဝတွက်တာ သိမှတ်စရာဆိုသည်မှာ အဘယ်နည်း။

ယင်းအရည်အချင်းများမှာ လူသားတိုင်းအတွက်အရည်အချင်းဖြစ်ပြီး သူတို့ဘဝအတွက် အသုံးဝင်သည်။ ဤ Toolkit / (သင်တန်း လက်စွဲစာအုပ်)တွင် ပေါင်းသင်းဆက်ဆံရေးအား - စိတ်ခံစားမှုများကို မည်သို့ထိန်းချုပ်မည်နည်းနှင့် ဆုံးဖြတ်ချက်အား မည်သို့အသိပေးမည်နည်း အစရှိသည်ဖြင့် သင်ကြားပေးထားသည်။ ဤအရည်အချင်းများသည် လူများအား လူကုန်ကူးခံရခြင်းမှ ကာကွယ်ရန်အတွက်ဖြစ်ကြောင်း အသိပေးပါ။

## ဘယ်သူတွေက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကိုလာရမလဲ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ အသက် ၁၂ - ၁၇ နှစ်ကြား လူငယ်များအတွက်ဖြစ်ပါသည်။ ယင်းလူငယ်များသည် ရွှေ့ပြောင်းသွားလာရန် စဉ်းစားနေကြသူများ ဖြစ်ရပါမည်။ အချို့လူငယ်များမှာ စာမဖတ်တာလည်း ဖြစ်နိုင်ပါသည်။ အချို့လူငယ်များမှာတော့ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် စာသင်ပေးကြောင်း သိနိုင်ပါသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ဘာသာရေးမခွဲခြားဘဲ မည်သည့်လူငယ်မဆို ကြိုဆိုနေကြောင်း ရှင်းပြပါ။

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ ခံယူချက်

အခါအားလျော်စွာပါဝင်သူများသည် မလာရသည့်တကယ့်အကြောင်းအရင်းများ ရှိနိုင်ပါသည်။ သို့သော် အခန်းအားလုံးအား တက်စေရန် တွန်းအားပေးရပါမည်။

## ကြယ်စနစ်

ကျောင်းတက်မှန်စေရန်အတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့များသည် ကြယ်စနစ် အသုံးပြုနိုင်ပါသည်။ Toolkit / (သင်တန်း လက်စွဲစာအုပ်) တွင် လူထုလုပ်ဆောင်မှုများပါဝင်သည့် အခန်း (၁၁) ခန်းရှိပါသည်။ ပါဝင်သူများသည် သူတို့တက်ရောက်လိုက်သောသင်ခန်းစာတိုင်းအတွက် ကြယ်တစ်ပွင့် ရရှိမည်ဖြစ်ပါသည်။ ကြယ် (၂၂) ပွင့်ရရှိသော သူအား "အဆင့်၁ အားပေးချီးမြှင့်ခြင်း" အတွက် အကျုံးဝင်မည်ဖြစ်ပြီး၊ ကြယ် (၂၆) ပွင့်ရရှိသူမှာ "အဆင့်၂ အားပေးချီးမြှင့်ခြင်း"အတွက် အကျုံးဝင်မည် ဖြစ်သည်။ အခန်း (၁၁)ခန်းလုံး တက်ရောက်သည့် အတန်းသားမှာ "အဆင့် ၃ အားပေးချီးမြှင့်ခြင်း" အတွက် ထပ်မံ အကျုံးဝင်မည် ဖြစ်သည်။ လူငယ် ဦးဆောင်သူများသည် အတန်းမှန်မှုအတွက် ကြယ်များ ရရှိနိုင်ပါသည်။

ဂေါလ်ဗီရှင်ဝန်ထမ်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ဤအားပေးချီးမြှင့်ခြင်းအတွက် ဆုများ ဆုံးဖြတ်နိုင်ပါသည်။ ဆုအတွက် အကြံဉာဏ်များကတော့-

- ဂေါလ်ဗီရှင်သို့လှူဒါန်းထားသော ပြပွဲလက်မှတ် သို့မဟုတ် T-ရှပ် အကျႌ
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ T-ရှပ် သို့မဟုတ် ဦးထုတ်များ
- ဘေးအန္တရာယ်ကင်းစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့်သက်ဆိုင်သည့် သက်မွေးသင်တန်းများအတွက် ကုန်ကျစရိတ်
- ဂေါလ်ဗီရှင်လူကုန်ကူးမှုကာကွယ်တားဆီးရေးပြပွဲ သို့မဟုတ် လေ့လာရေးတွင် ပါဝင်စေခြင်း

ဤဆုများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုစီနှင့် ကွဲပြားမှု ရှိရမည်။

## လုပ်ဆောင်ချက်- မှတ်ဉာဏ် ဘောလုံးကစားနည်း

အဖွဲ့ဝင်များအား ဤကစားနည်းသည် သူတို့သင်ကြားသမျှအား ပြန်မှတ်မိစေရန် ကစားစေကြောင်း ရှင်းပြပါ။ သူတို့ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင်ရှိနေစဉ်တစ်လျှောက်လုံး ဤကစားနည်းကို ထပ်မံကစားသွားရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းကို မှတ်ဉာဏ် ဘောလုံးကစားနည်းဟုခေါ်သည်။ IS 10b မှတ်ဉာဏ် ဘောလုံးကစားနည်း မေးခွန်း၁ သည် ဘောလုံးကစားနည်းအား အောက်ပါအတိုင်း ညွှန်ကြားထားသည်။ ပါဝင်သူများသည် IS 10a သွေးပူကစားနည်း ညွှန်ကြားချက်အတိုင်း ကိုးကားရမည်။

### ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများဆိုတာ ဘယ်သူလဲ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူ နှစ်မျိုးရှိပါသည်။ လူကြီးဦးဆောင်သူနှင့် လူငယ်ဦးဆောင်သူတို့ဖြစ်ကြသည်။

လူကြီး ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏လုပ်ဆောင်ချက်များအားဦးဆောင်ပြီးသင်ရိုးညွှန်းတမ်း (Toolkit)တွင် ပါဝင်သည့်သင်ခန်းစာများအား သင်ကြားပေးကြသည်။

လူငယ်ဦးဆောင်သူများကတော့ လူကြီးဦးဆောင်သူများအား ကူညီကြသည်။ လူငယ်ဦးဆောင်သူ၏လုပ်ငန်းတာဝန်အား ရှင်းပြပြီး လူငယ်ဦးဆောင်သူတစ်ဦး၏အကျိုးကျေးဇူးများအား အရင်ရှင်းပြပါ။

### လူငယ်ဦးဆောင်သူတစ်ယောက်ဖြစ်ရခြင်း၏ အကျိုးကျေးဇူးများ

လူငယ်ဦးဆောင်သူတစ်ဦးဖြစ်ခြင်းတွင် အကျိုးအမြတ်များစွာရှိပါသည်။ အုပ်စုတွင်းတွင် အောက်ပါအကျိုးများအား ကျယ်လောင်စွာ ဖတ်ပြပါ။

၁။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် အရည်အချင်းများစွာ လေ့လာရမည်။ အုပ်စုအား မည်သို့သင်တန်းပေးရမည်ကို လေ့လာရမည်။ ယင်းတွင် ယနေ့သင်တန်းနှင့်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ဦး အမှန်တကယ် ဖြစ်လာသည့်အခါတွင် လူငယ်ရနိုင်မည့်သင်တန်းများ ပါဝင်သည်။
၂။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများရရှိသည့် အတွေ့အကြုံဖြင့် သူတို့ကျောင်းသွားရာ သို့မဟုတ် အလုပ်လုပ်ရာတွင် အကူအညီရနိုင်သည်။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည်၊ ၎င်းတို့၏ အလုပ်ရှင်များနှင့်အခြားအလုပ်သမားများအား သူတို့လူငယ်ဦးဆောင်သူဖြစ်စဉ်က သိရှိခဲ့သော လူကုန်ကူးမှု ကာကွယ်ခြင်းဆိုင်ရာ အသိပညာများ၊ ခေါင်းဆောင်ကောင်းလုပ်ခြင်းနှင့် အတွေ့အကြုံများအား ပြန်ပြောပြနိုင်သည်။
၃။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် လူကြီးဦးဆောင်သူများအား သူတို့ကျောင်းတက်ရန်၊ အလုပ်လုပ်ရန်အတွက် ထောက်ခံစာရေးခိုင်းနိုင်သည်။
၄။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အပြီးတွင် အောင်လက်မှတ် ရမည်။
၅။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) အား သင်ကြားပြီးပါက၊ သူတို့သည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) သင်တန်းအပြည့်အတွက် နောက်တစ်ကြိမ် အကျုံးဝင်သွားပြီဖြစ်သည်။ ထို့အပြင် လူကြီးဦးဆောင်သူများဖြစ်လာရန်အတွက်လည်း နောက်တစ်ကြိမ်တွင် လျှောက်ထားခွင့်ရှိသည်။
၆။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အားပေးချီးမြှင့်ခြင်းဆုများရရှိရန် အကျုံးဝင်သည်။
၇။ ဒါ ပျော်စရာပါ!

### ဘယ်သူတွေက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်တွေလဲ။

အနည်းဆုံး ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အဖွဲ့တစ်ခုစီတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူ ၄ ဦးထိရှိရမည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်သူများသည်-

- ၁၅-၁၇ နှစ်ကြား

- စာဖတ်နိုင်ရမည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အစည်းအဝေးသို့လာသော လူငယ်သည် တာဝန်ယူတတ်ရမည်။
- လူငယ်များအပေါ် ကြင်နာတတ်ပြီး နာကျင်အောင်မလုပ်ရ၊ အနိုင်မကျင့်ရ၊ ရှက်ရွံ့အောင် မလုပ်ရ။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အခြားသော လူငယ်များကဲ့သို့ တူညီသောပါတ်ဝန်းကျင်မှ လာသူများ ဖြစ်ရမည်။

## လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူက ဘာတွေလုပ်လဲ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အောက်ပါတို့လုပ်ကြောင်း အဖွဲ့အား ပြောပြပါ။

၁။ အခန်းတိုင်းတွင် သွေးပူလေ့ကျင့်ခန်းကစားနည်းများအတွက် ဦးဆောင်သည်။
၂။ စာဖတ်ရန် သို့မဟုတ် စာရေးရန်အခက်အခဲရှိသော လူငယ်များအား သူတို့အတွေးများကို ကူညီရေးပေးရန်
၃။ အုပ်စုငယ်လေးများခွဲပြီး ဆွေးနွေးပွဲလုပ်သောအခါတွင် ဝင်ရောက်ကူညီပေးရန်
၄။ လူငယ်နှင့် လူကြီး ဦးဆောင်သူများကြား ချိတ်ဆက်မှုလုပ်ပေးပါ။
၅။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူများအတွက် အခန်းစဉ် ပြင်ဆင်မှုလုပ်ပေးရန်

နောက်တစ်ခန်းတွင် ဤလုပ်ဆောင်မှုများအတွက် မည်သည့်လုပ်ဆောင်ချက်တွင် မည်သည့်အကြောင်းများပါဝင်သည်ကို ရှင်းပြပြီး တစ်ဦးချင်းဆွေးနွေးနိုင်ပါသည်။

### အခန်း အနှစ်ချုပ်

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ကျွမ်းကျင်သောလမ်းပြလူငယ် Youth Club ဖြစ်သည်။
- IS ဆိုသည်မှာ information sheet ဖြစ်သည်။
- လူကုန်ကူးခြင်းဆိုသည်မှာ လူများအား လိမ်ညာလှည့်ဖြားပြီး ခေါင်းပုံဖြတ်ရန်အလို့ငှာ အလုပ်ခိုင်းစေခြင်း ဖြစ်ပြီး ယင်းလူကုန်ကူးခံရသူများအား ထွက်ခွာခွင့်မပေးချေ။
- ဘဝတွက်တာ သိမှတ်စရာမှာ သင့်ဘဝတွင်း နေထိုင်ရာအတွက် အထောက်အကူပြုနိုင်သည့်အရည်အချင်း များဖြစ်သည်။
- ကြယ်စနစ်မှာ ပါဝင်သူများမှ အပိုင်းတစ်ခုပြီးဆုံးတိုင်း ကြယ်ရရှိနိုင်သည့်စနစ်ဖြစ်သည်။ ကြယ်= ဆုချီးမြှင့်ခြင်း ဖြစ်သည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် လူငယ်နှင့်လူကြီး ဦးဆောင်သူ နှစ်မျိုးရှိသည်။
- လူငယ်ဦးဆောင်သူဖြစ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာရှိသည်။

## IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သွေးပူလေ့ကျင့်ခန်း ကစားနည်းအား ဦးဆောင်ရမည်။ ဦးဆောင်သူများသည် အောက်ပါတို့အား သိထားရမည်။

- စွမ်းအင်ဖြင့် ပြောဆိုပါ။
- အခြားလူငယ်များပြောတာ နားထောင်ပါ။
- စကားပြောနေစဉ် လက်များလှုပ်ရှားပါ။
- သူတို့စကားပြောနေစဉ် အခန်းတွင်းလမ်းလျှောက်နေပါ။
- အခြားလူငယ်များ၏ မျက်လုံးကို ကြည့်ပါ။
- ဟာသများလုပ်ပါ။ (လူထုထဲတွင်တော့ မရယ်မောပါနှင့်)
- ပါဝင်သူများအားလုံးကို အလှည့်ကျ ပါဝင်နိုင်အောင်လုပ်ပေးပါ။
- ၁၀ မိနစ်ပြည့်တိုင်း ကစားခြင်းရပ်ပါ။
- သွေးပူလေ့ကျင့်ခန်း ကစားနည်းကစားရန် စည်းမျဉ်းများ အကြာကြီး မရှင်းပြပါနှင့်။
- အချို့ပါဝင်သူများ မလုပ်ဆောင်လိုပါက လုပ်ဆောင်ရန် အတင်းမတိုက်တွန်းပါနှင့်။
- အခြားလူငယ်များကို နာကျင်အောင်၊ အရှက်ရအောင် မလုပ်ပါနှင့်။

## ၁။ မျဉ်းပုံစံဖော်ခြင်း

| | |
|---|---|
| **ရည်ရွယ်ချက်** | ပါဝင်သူများအား ရင်းနှီးမှုမြှင့်တင်ရန်၊ ပျော်စရာကောင်းရန်နှင့် သွေးပူရန် |
| **အထောက်အပံ့ပစ္စည်း** | မလိုပါ။ |
| **အချိန်** | ၅-၁၀ မိနစ် |

### လုပ်ဆောင်ချက်

၁။ ပါဝင်သူများအား လူ ၅ - ၆ဦးလောက် အုပ်စုများ ခွဲလိုက်ပါ။

၂။ အုပ်စုတစ်စုစီအတွက် အောက်ပါအုပ်စုများအတိုင်း လူစီခိုင်းလိုက်ပါ။

(က) အရပ် (အပုဆုံးမှ အရှည်ဆုံး)

(ခ) အသက်( အကြီးဆုံးမှ အငယ်ဆုံး)

(ဂ) ခြေဖဝါး အရွယ်

(ဃ) အဖွဲ့ကိုလာရသော အကွာအဝေး

(င) မောင်နှမ အရေအတွက်

၃။ အချက်ပေးသံကြားသည်နှင့်တစ်ပြိုင်နက် အုပ်စုအဖွဲ့ဝင်များသည် သူတို့ဘာသာစီစဉ်ပြီး ထိုင်လိုက်ရမည်။

၄။ ယင်းအား စိန်ခေါ်မှုဖြစ်စေရန် ပါဝင်သူများအား တစ်ဦးနှင့်တစ်ဦး စကားမပြောစေဘဲ ယှဉ်ပြိုင်စေပါ။

၅။ အစီအစဉ်များအား စီစစ်ပါ။

၆။ အလျင်မြန်ဆုံး မှန်ကန်စွာ စီစဉ်နိုင်သည့်အဖွဲ့သည် အမှတ်ရမည်။

၇။ အုပ်စုမှ ကစားနည်းအား လေ့လာပြီးသောအခါ ပါဝင်သူများအား အခြားတစ်ခုအား ပြောင်းကစားစေပါ။

## ၂။ ဘောလုံးနာမည် ကစားနည်း

| | |
|---|---|
| **ရည်ရွယ်ချက်** | ပါဝင်သူအချင်းချင်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးစေရန်၊ ရင်းနှီးမှုတည်ဆောက်ရန်၊ ပျော်ရွှင်စေရန်နှင့် သွေးပူစေရန် |
| **အထောက်အပံ့** | ဘောလုံး |
| **အချိန်** | ၅ - ၁၀ မိနစ် |

**လုပ်ဆောင်ချက်**

၁။ စက်ဝိုင်းပုံစံ ရပ်ပါ။

၂။ သင့်လက်တွင် ဘောလုံးတစ်လုံးကိုင်ထားပါ။

၃။ ဘောလုံးကိုင်ထားစဉ် သင့်နံမည် ပြောပါ၊ ထို့နောက် သင်ဘောလုံးကို အခြားသူအား ပစ်လိုက်ချိန်တွင် ထပ်မံပြောပါ။

၄။ အဖွဲ့ထဲမှ လူအားလုံး နာမည်ပြောအောင် ထပ်လုပ်ပါ။

၅။ ထို့နောက် လုပ်ဆောင်ချက်အား ထပ်မံလုပ်ပါ။ သို့သော် ဘောလုံးကိုင်ထားသောသူသည် သူ့နာမည်ပြောရမည်။ ထို့နောက် ဘောလုံးပစ်ချိန်တွင် သူဘောလုံးပစ်ပေးသောသူ၏နာမည်အား ပြောရမည်။ အုပ်စုတွင်းရှိ လူအားလုံး အလှည့်ကျဖြစ်ရန် ကစားပါ။

၆။ အချိန်ရှိသေးလျှင် ပါဝင်သူများသည် သူတို့နာမည်အား ပြောနိုင်ပြီး သူတို့ကြိုက်တာပြောနိုင်သည်။ ဤကစားနည်းအား အောက်ပါခေါင်းစဉ်များဖြင့် ကစားနိုင်သည်။ (သင်အကြိုက်ဆုံး အသီး၊ ဘောလုံးဂိမ်း၊ သီချင်း၊ အစရှိသည်)

## ၃။ သင်မသိသည့် အချို့အရာများ

| | |
|---|---|
| **ရည်ရွယ်ချက်** | ပါဝင်သူများအား အချင်းချင်းသိရန်၊ ရင်းနှီးမှုတည်ဆောက်ရန်၊ ပျော်ရွှင်စေရန်နှင့် သွေးပူစေရန် |
| **အထောက်အပံ့** | မလို။ |
| **အချိန်** | ၅ - ၁၀ မိနစ် |

**လုပ်ဆောင်ချက်**

၁။ ပါဝင်သူများအား မျဉ်းတစ်ကြောင်းတည်း စီခိုင်းပါ။

၂။ တစ်ဦးအား အခန်းအခြားတစ်နေရာသို့လမ်းလျှောက်သွားစေပြီး သူ့အကြောင်း အခြားသူများသိအောင် ပြောစေပါ။

ဥပမာ

- ငါမြို့ထဲကို တစ်ခါ လည်ဖူးတယ်။
- ငါ ရေခဲမုန့် ကြိုက်တယ်။
- ငါနားငါးလိမ်တတ်တယ်။
- ငါဘောလုံးကန်ရင် ဂိုးစောင့်တယ်။

၃။ အမူအကျင့်တူသည့် သူသည် ပထမလူနှင့် သွားပေါင်းရမည်။

၄။ ပြီးနောက် သူတို့မူလ မျဉ်းသို့ ပြန်သွားရမည်။

၅။ အချိန်ပြည့်သည်အထိ ထပ်ခါ ထပ်ခါ လုပ်ပါ။

## ၄။ မှတ်ဉာဏ်ဘောလုံး ကစားနည်း

| | |
|---|---|
| **ရည်ရွယ်ချက်-** | ပါဝင်သူများအား အချင်းချင်းသိရန်၊ ရင်းနှီးမှုတည်ဆောက်ရန်၊ ပျော်ရွှင်စေရန်နှင့် သွေးပူစေရန်၊ ဤကစားနည်းအား သင်ခန်းစာများ ပြန်မှတ်မိနိုင်စေရန်အတွက်လည်း အသုံးပြုနိုင်သည်။ |
| **အထောက်အပံ့** | ဘောလုံး |
| **အချိန်** | ၅-၁၀ မိနစ် |

### လုပ်ဆောင်ချက်

၁။ အုပ်စုအား လူ ၄ ဦးခန့်ပါဝင်သည့် အဖွဲ့ငယ်များ ခွဲလိုက်ပါ။

၂။ အုပ်စုတစ်ခုလုံး စက်ဝိုင်းတွင်း ရပ်နေပါ၊ အုပ်စုငယ်လေးများသည် တစ်စုနှင့် တစ်စုကြား ကပ်နေရမည်။

၃။ အုပ်စုတစ်စုထံသို့ ဘောလုံးပစ်လိုက်ပါ။ သင်ခန်းစာမှ ကိုက်ညီသည့်မေးခွန်းအား အုပ်စုသို့မေးပါ။ (၄)ယောက်တိုင်ပင်ပြီး အဖြေပေးလိမ့်မည်။

၄။ အဖြေမှန်ပါက ဆိုလိုချက်ရောက်ပြီဖြစ်သည်။ အမှတ်ရမည်။ မမှန်ပါက ဘောလုံးအား အခြားအုပ်စုငယ်သို့ ထပ်မံပစ်ပေးပြီး ယင်းအဖွဲ့သည် မေးခွန်းဖြေဆိုခွင့်ရမည် ဖြစ်သည်။

၅။ ဤနည်းလမ်းအားဖြင့်မေးခွန်းအားလုံး မေးပြီးဖြစ်အောင် ကစားပါ။

## ၅။ ဉာဏ်စမ်း ကစားနည်း

| | |
|---|---|
| **ရည်ရွယ်ချက်-** | ပါဝင်သူများအား ယခင်အဖွဲ့အခန်းမှပါဝင်မှုများအား ပျော်ရွှင်စရာနည်းလမ်းဖြင့် ပြန်လည်သုံးသပ်နိုင်ရန် |
| **အထောက်အပံ့-** | ဉာဏ်စမ်းမေးခွန်းများနှင့် ဆုများ |
| **အချိန်** | ၅-၁၀ မိနစ် |

ဤကစားနည်းသည် မေးခွန်းအားလုံးကို မခြုံငုံမိပါ။ သင့်တွင်အချိန်ရှိပါက မေးခွန်းများစွာ ထပ်ထည့်နိုင်သည်။

ဤနေရာတွင် မေးခွန်းများစွာ ရေးပြထားသည်။ ထို့ကြောင့် ဤကစားနည်းအား မတူညီသောမေးခွန်းများမေးပြီး ကြိမ်ဖန်များစွာ ကစားနိုင်သည်။

မေးခွန်းများအား နံပါတ်တပ်ပေးထားသည်။ အဖြေအား အမှတ်အသားပြုထားပြီး စာလုံးစောင်းရေးထားပေးသည်။

သက်ဆိုင်သည့်သင်ခန်းစာကို ဖတ်ပြီးသည့်တိုင်အောင် မေးခွန်းနှင့်အဖြေများအား မရှင်းလင်းတာ ရှိနေနိုင်ပါသည်။ သို့သော် လည်း သင်ရိုးညွှန်းတမ်းစာအုပ်) တစ်ခုလုံးအား ပြီးဆုံးအောင် ဖတ်ပြီးသည့်အခါတွင်မူ အားလုံးရှင်းလင်းသွားနိုင် ပါသည်။ ထို့ကြောင့် မေးခွန်းများကို သင်ခန်းစာပြီးဆုံးမှသာ မေးမှ သက်ဆိုင်ပါမည်။ (မေးခွန်းတိုင်းအတွက် အခန်းနံပါတ်များ အား ဖေါ်ပြထားပါသည်။)

အုပ်စုတစ်ခုမှ အဖြေမမှန်လျှင် ကူညီပေးပါ။ ပါဝင်သူများအား အရှက်မရစေပါနှင့်။ ဒါဟာ ကျောင်းနှင့်ဆိုင်တဲ့ မေးခွန်းတွေ မဟုတ်ပါဘူး။ ပျော်စရာသာဖြစ်ပါတယ်။ အဖြေမှန်လျှင် ဆု အသေးလေးများ ပြင်ဆင်ထားပါ။

## ၆။ ပိတ်စ သို့မဟုတ် လက်ကိုင်ပုဝါ ကစားနည်း

| | |
|---|---|
| **ရည်ရွယ်ချက်-** | ပါဝင်သူများအား ပျော်စရာနှင့် သွေးပူစေရန် |
| **အထောက်အပံ့** | ပိတ်စ သို့မဟုတ် လက်ကိုင်ပုဝါ တစ်ခု |
| **အချိန်** | ၅-၁၀ မိနစ် |

**လုပ်ဆောင်ချက်**

၁။ ဤကစားနည်းသည် အချင်းချင်းသိရှိနိုင်ရန် ကစားသည့်ပုံမှန်ကစားနည်းတစ်ခုအား အဆင့်မြှင့်ထားသည့် ကစားနည်းဖြစ်ပါသည်။

၂။ အုပ်စုအား စက်ဝိုင်းပုံထိုင်စေပါ။

၃။ ပါဝင်သူတစ်ဦးသည် စက်ဝိုင်းပါတ်လည်တွင် လမ်းလျှောက်နေစေပြီး ထိုင်နေသူအား လက်ကိုင်ပုဝါဖြင့် ပုတ်လိုက်ပါ။ (လက်ကိုင်ပုဝါအစား ပုခုံးလဲပုတ်နိုင်သည်။)

၄။ ဒုတိယလူသည်လည်း ပထမလူကို စက်ဝိုင်းပါတ်ပြီးလိုက်ဖမ်းရပါမည်။

၅။ အကယ်၍ ဒုတိယလူသည် ပထမလူအား ဖမ်းမိပါက၊ ပထမလူသည် နောက်တစ်ကြိမ်အလှည့်ယူရမည်။

၆။ ဒုတိယလူသည် ပထမလူအား မဖမ်းမိပါက ဒုတိယလူသည် ထပ်မံ လှည့်ရမည်။

## IS 10b မှတ်ဉာဏ်ဘောလုံး ကစားနည်း မေးခွန်း ၁

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဆိုတာဘာလဲ။
- ဦးဆောင်သူ ဆိုတာဘာလဲ။
- IS ဆိုတာ ဘာလဲ။
- ကျွမ်းကျင်သောလမ်းပြလူငယ် လက်စွဲစာအုပ် ဆိုတာဘာလဲ။
- အခန်း ဆိုတာဘာလဲ။
- အခန်းတစ်ခန်းကို ဘယ်လောက်ကြာလဲ။
- လူကုန်ကူးခြင်းက ဘာလဲ။
- ရွှေ့ပြောင်းသွားလာခြင်းက ဘာလဲ။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ မှာ လူငယ်တွေ ဘာတွေ လေ့လာရမလဲ။
- ဘာဝတ္တက်တာ သိမှတ်စရာဆိုတာ ဘာလဲ။
- သင်တန်းတက်လို့ ဘာတွေရမလဲ။
- အဆင့်၃ ဆုရဖို့ အခန်း ဘယ်လောက် တက်ရမလဲ။

# အခန်း (၁၁) သွေးပူလေ့ကျင့်ခန်း ကစားနည်းများကို မည်ကဲ့သို့ ဦးဆောင်မည်နည်း။

## ရည်ရွယ်ချက်

ပါဝင်သူများသည် သွေးပူလေ့ကျင့်ခန်းကစားနည်းများ ဦးဆောင်ခြင်း အရည်အချင်းကိုလေ့လာရန် ဖြစ်သည်။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့ပစ္စည်းများ

- ပါဝင်သူတစ်ယောက်ခြင်း အတွက် 'IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' မိတ္တူ
- ပါဝင်သူ တစ်ယောက်ခြင်း အတွက် စာရွက် အပိုင်းတစ်ခု
- ရောင်စုံဘောလ်ပင်

## ပါဝင်သူများ

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ

## ဦးဆောင်သူများ

Toolkit သင်တန်း ဦးဆောင်သူများ အတွက် Toolkit သင်တန်းပြီးဆုံးပြီးသူ WV ဝန်ထမ်း (သို့)လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများ

## ညွှန်ကြားချက်

အခန်းတိုင်းအား သွေးပူလေ့ကျင့်ခန်း ကစားနည်းဖြင့် စတင်မည်ဖြစ်ကြောင်း ရှင်းပြပါ။ ပြီးခဲ့သော အခန်းမှ ကစားခဲ့သော 'ဘောလုံးအမည် ကစားနည်း' နှင့် 'ဘောလုံး မှတ်ဉာဏ် ကစားနည်း' တို့မှာ သွေးပူလေ့ကျင့်ခန်း ကစားနည်းဖြစ်သည်။ ယနေ့တွင် ပါဝင်သူများသည် ထိုကစားနည်းများအား မည်သို့ဦးဆောင်ရမည်ကို သင်ယူရမည်ဖြစ်ကြောင်း ရှင်းပြပါ

## ဘာကြောင့် သွေးပူလေ့ကျင့်ခန်း ကစားနည်းကို ကျွန်ုပ်တို့ပြုလုပ်ရသနည်း။

ဘာကြောင့် သွေးပူလေ့ကျင့်ခန်း ကစားနည်းများ ကစားရကြောင်း ပါဝင်သူများအား မေးပါ။

ထိုကစားနည်းများမှာ ပျော်ဖို့ကောင်းသလို အခြားအသုံးဝင်မှုလည်းရှိသေးကြောင်း ရှင်းပြပါ။ ၎င်းတို့သည် လူငယ်များအား ပြောပြရန်ခက်ခဲသောနိုင်သော အကြောင်းအရာများအား မဆွေးနွေးမီ ၎င်းတို့မစတင်မီ စိတ်သက်ရာရစေပြီး သက်တောင့်သက်သာဖြစ်စေသည်။ ၎င်းတို့သည် အုပ်စုအား တစ်ယောက်နှင့်တစ်ယောက် သိစေသည့်အပြင် ယုံကြည်မှုလည်းရရှိစေသည်။ ထို့ပြင် ၎င်းတို့သည် လူငယ်များအား အခန်းအစတွင် တက်ကြွအောင်လှုံ့ဆော်ပေးသည်။

'IS 10a သွေပူလေ့ကျင့်ခန်း ကစားနည်းများ.' တွင် သွေးပူလေ့ကျင့်ခန်း ကစားနည်း ခြောက်မျိုးရှိကြောင်း ရှင်းပြပါ။ လူငယ်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ သွေးပူလေ့ကျင့်ခန်း ကစားနည်းများကို ဦးဆောင်စဉ်တွင်၊ အောက်ပါ ညွှန်ကြားချက်များ ကို လိုက်နာရမည်။

'IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' မိတ္တူကို ပါဝင်သူတစ်ယောက်ချင်းစီအားပေးပြီး ပါဝင်သူများကို သွေးပူလေ့ကျင့်ခန်း ကစားရန် အလှည့်ကို ၁ 'အလှည့်ပုံစံ' အတိုင်းတန်းစီခိုင်းပါ။

ညွှန်ကြားချက်များကို လိုက်နာပါ။ သို့မှသာ ပါဝင်သူများသည် အမျိုးအစား နှစ်မျိုးအတိုင်း ကစားနိုင်မည်။ ပြီးလျှင် ဦးဆောင်ပေးနိုင်သူနှင့် ကစားနည်းအား ဦးဆောင်နိုင်သောနေရာယူရန် စေတနာ့ဝန်ထမ်း တစ်ဦးကို တောင်းဆိုပါ။

များပြားသော ပါဝင်သူများအားကို ကစားခြင်း ဦးဆောင်ပေးနိုင်သူဖြစ်ရန် အခွင့်အရေး ရရှိစေရန် ထပ်ခါထပ်ခါပြုလုပ်ပေးပါ။

တစ်ရက်စာ သင်ရိုးတစ်ခုပြီးဆုံးလျှင် သွေးပူလေ့ကျင့်ခန်း ကစားနည်း ခြောက်မျိုးစလုံး ကစားရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ၎င်းတို့ကို တစ်ရက်စာ သင်ရိုးတစ်ခုတွင် သင်ကြားရခြင်းမှာ သွေးပူလေ့ကျင့်ခန်းအား နာရီတိုင်းပြုလုပ်ပေးခြင်းဖြင့် ပါဝင်သူများအာ နိုးကြားနေစေရန် ကူညီပေးမည်။

## တင်ဆက်ပြသခြင်း အရည်အချင်းများ

ပါဝင်သူများအား ဆရာမှ တစ်နာရီလုံး ပြောနေပြီး သင်တို့ထိုင်နေမည်ဆိုပါက မှတ်မိနိုင်သလားဆိုသည်ကို မေးပါ။ 'ပြူတင်းပေါက်အပြင်ကို ငေးကြည့်ပြီး တစ်ယောက်ယောက်များ စာသင်ချိန်ပြီးဆုံးချိန်ကို စောင့်နေပါသလား' လူငယ်များသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ပျင်းမနေရန် (သို့) ပြီးဆုံးရန် စောင့်ဆိုင်းနေခြင်း မရှိရန်မှာ အရေးကြီးပါသည်။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် လူငယ်များတက်ကြွနေစေရန် ပုံစံပြုလုပ်ထားခြင်းဖြစ်သည်။ အခန်းတိုင်း ကစားနည်းဖြင့် စတင်ခြင်းနှင့် အုပ်စုအတွင်း ကစားခြင်း (သို့) အလုပ်လုပ်ခြင်းဖြင့် လူငယ်များတစ်ခုခု ပြုလုပ်ရန် ရရှိသွားသော လှုပ်ရှားမှုများ ပါဝင်သည်။ သို့သော် သွေးပူလေ့ကျင့်ခန်းသည်ပင် အကယ်၍ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူမှ ကြာမြင့်စွာစကားပြောနေခဲ့မည်ဆိုလျှင် ပျင်းစရာကောင်းလာလိမ့်မည်ဖြစ်ကြောင်း ရှင်းပြပါ။

တင်ဆက်ပြသခြင်း အရည်အချင်းမှ အရေးကြီးဆုံးအရည်အချင်းတစ်ခုမှာ အချိန်တိုတိုအတွင်း သင်လိုချင်သောအရာကို မည်ကဲ့သို့ပြောရမည်ကို သိရှိခြင်းဖြစ်ကြောင်း ရှင်းပြပါ။ ပါဝင်သူများအား သွေးပူလေ့ကျင့်ခန်းကစားနည်းသည် ၁၀ မိနစ်ထက် ပိုမကြာစေရန်နှင့် လူငယ်တိုင်းပျော်ရွှင်စေရန်မှာ အရေးကြီးကြောင်း ပြောပြပါ။ အောက်ပါတို့မှာ သွေးပူလေ့ကျင့်ခန်း ကစားနည်းများအားဦးဆောင်ရန် လမ်းညွှန်ချက်အချို့ဖြစ်သည်။

- သွေးပူလေ့ကျင့်ခန်းကစားနည်း စည်းမျဉ်းအားရှင်းပြရန် အချိန်ကြာကြာ မယူပါနှင့်။
- အကယ်၍ သူမ (သို့) သူသည် အလှည့်မယူလိုပါက ပါဝင်သူလူငယ်အား အတင်း မတိုက်တွန်းပါနှင့်။
- ပါဝင်သူတိုင်းအား အလှည့်ကို ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သေချာပါစေ။
- နာရီအား ကြည့်နေပြီး ၁၀ မိနစ်ပြည့်လျှင် ကစားခြင်းကို အဆုံးသတ်ပါ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများလည်း သွေးပူလေ့ကျင့်ခန်း ကစားနည်းများအား ၎င်းတို့ စကားပြောဆိုသည့်အထဲတွင် အင်အားထည့် အသုံးပြုခြင်းဖြင့် ကစားနည်းကို ပိုမို ပျော်ရွှင်စရာကောင်းအောင် ပြုလုပ်နိုင်ကြောင်း ရှင်းပြပါ။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် စိတ်ဝင်စားလာစေရန် ကြိုးစားသင့်သည်။ ဦးဆောင်နိုင်သူသည် အောက်ပါတို့အား နည်းလမ်းတစ်မျိုးမျိုးဖြင့်ပြုလုပ်နိုင်သည်။

- စကားပြောစဉ် လက်များလှုပ်ရှားပြီးပြောကြားပါ။
- အခန်း တပိုက်လမ်းလျှောက်ပြီးစကားပြောပါ။
- ပါဝင်သူများ၏ မျက်လုံးသို့ ကြည့်ပါ။
- ဟာသများ ပြုလုပ်ပါ။ (သို့သော် ပါဝင်သူများအပေါ် မလှောင်ရပါ)
- ပျော်ရွှင်စွာပြုလုပ်ပါ။

## လှုပ်ရှားမှု - သရုပ်ပြခြင်းအရည်အချင်း လေ့ကျင့်ခြင်း

ပါဝင်သူများအား အဖော်ရှာရန် တိုက်တွန်းပါ။ 'IS 10 သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' အား ရည်ညွှန်းရန် ပြောဆိုပါ။ ၎င်းတို့ကိုယ်တိုင် 'အလှည့်ပုံစံ' ညွှန်ကြားချက်များအား ဖတ်ရန် တိုက်တွန်းပါ။ ပြီးလျှင် ၎င်းတို့ကို ညွှန်ကြားချက်များအား တစ်ရောက် တစ်လှည့် ဖတ်ရန် တိုက်တွန်းပါ။

ပထမအကြိမ် ၎င်းကို အသံထွက်ဖတ်ပါက ဆိုလိုရင်းကို ပိုမိုရှင်းလင်းစွာ သဘောပေါက်စေရန် လက်ဟန်ခြေဟန် အသုံးပြုခြင်း ဖြင့် ကြိုးစားသင့်သည်။

ဒုတိယအကြိမ်တွင် ဖတ်နေစဉ် အခန်းတပိုက် လမ်းလျှောက်ခြင်းကို ပြုလုပ်သင့်သည်။

တတိယအကြိမ်တွင် ၎င်းတို့သည် ၎င်းတို့ အဖော် မျက်လုံး အားကြည့်ပြီးဖတ်သင့်သည်။

နောက်ဆုံးတွင်၊ ပျော်ရွှင်မှုကို ရရှိသကဲ့သို့ ဖတ်သင့်သည်။

ပြီးနောက်၊ အဖော်များကို နေရာလဲ၍ လေ့ကျင့်ခန်းအား ပြန်လုပ်ရန် တောင်းဆိုပါ။

## ဆွေးနွေးခြင်း

အဖွဲ့တွင်းမှသူတိုင်း အနည်းဆုံး အလှည့်နှစ်ကြိမ် ရရှိခဲ့ပြီးပါက၊ ပါဝင်သူများအား အဖွဲ့တစ်ခုအဖြစ် အတူကွ ပေါင်းစည်းရန် တောင်းဆိုပါ၊ မေးမြန်းပါ။

- ဤလှုပ်ရှားမှုအား မည်ကဲ့သို့ ခံစားပါသလဲ။
- မည်သည့်အရည်အချင်းများက အလွယ်တကူ အသုံးပြု၍ ရပါလဲ။
- မည်သည့်အရည်အချင်းများက ခက်ခဲပါသလဲ။
- ဘာကြောင့်ခက်ခဲ ပါသလဲ။
- ပိုမိုလေ့ကျင့်ပါက တိုးတက်လာသည်ဟု ခံစားရပါသလား။
- သင်သည် ပိုမိုလွယ်ကူစေရန် ကိုယ်ပိုင်တည်ထွင်လှည့်စားမှုများ ပြုလုပ်ခဲ့လျှင် ၎င်းကို အုပ်စုသို့ မျှဝေချင်ပါလား။

### ညွှန်ကြားချက် - ကြမ်းတမ်းခြင်း (သို့) အရှက်ကွဲခြင်း မရှိစေရ

ပါဝင်သူများအား မျက်စိမှိတ်ခိုင်းပြီး ကျောင်းတွင် ဆရာမက ရိုက်ခြင်း (သို့) အရှက်ခွဲခြင်း ပြုလုပ်ခဲ့သော အချိန်ကို ပြန်စဉ်းစားခိုင်းပါ။ ၎င်းတို့ကို ထိုအချိန်က မည်ကဲ့သို့တွေးတောခဲ့သည့် (သို့) ခံစားခဲ့ရသည်ကို မှတ်မိစေပြီး မေးပါ။ 'သင်သည် သင့်ဆရာ ဆွေးနွေးနေသောဘာသာရပ်အား စဉ်းစားနေသလား (သို့) သင်သည် ဆရာက သင့်ကို ဆက်ဆံခဲ့သည့်ရလဒ်အပေါ် ဝမ်းနည်းခြင်း (သို့) စိတ်ဆိုးခြင်း တို့တွင် လောင်မြိုက်နေပါသလား။

လူအချို့သည် လူငယ်များအား ရိုက်ခြင်း၊ အရှက်ခွဲခြင်း (သို့) လှောင်ပြောင်းခြင်းသည် ၎င်းတို့အားသင်ပေးနေသည်ဟု ယုံကြည်ကြောင်း ရှင်းပြပါ။ ၎င်းသည် မမှန်ကန်ပါ။ သင်ယူမှုများတွင် ထိုကဲ့သို့သော ရုပ်ပိုင်း (သို့) စိတ်ပိုင်းအရ အနိုင်ကျင့်ခြင်းသည် ဆန့်ကျင်ဘက် သက်ရောက်မှုများကို ရရှိစေသည်။ ၎င်းသည် သင်ကြားခြင်းပုံစံတွင် ၎င်းတို့စိတ်ခံစားမှုကို ဖြစ်ပေါ်စေသည်။ ကောင်းမွန်သောလူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူဖြစ်နိုင်ရန် ရှင်းပြပါ။

- မည်သည့်အကြောင်းကြောင့်မှ အခြား လူငယ်အား ရိုက်ခြင်း (သို့) ကိုယ်ကာယ ထိခိုက်အောင် မလုပ်ရပါ။
- အခြား လူငယ်များအား မလှောင်ပြောင်ရပါ။
- မည်သည့်အကြောင်းကြောင့် မှ အခြားလူငယ်အား အရှက်မခွဲရပါ။
- အများရှေ့တွင် ပါဝင်သူများအား မနှိုင်းယှဉ်ရပါ(ဥပမာ၊ ဦးဆောင်သူသည် ကျောင်းသားတစ်ယောက်အား 'အရမ်းတော်တာပဲ' နှင့် အခြားတစ်ယောက်ကို 'အရမ်းညံ့တာပဲ' ဟု မပြောသင့်ပါ။ သင်ပြုလုပ်ခဲ့ပါက၊ 'ညံ့' သည့် ကျောင်းသားသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ မလာတော့ပဲနေပါလိမ့်မည်)။

## ပုံဆွဲခြင်း

လက်ကမ်းစာရွက်နှင့် ဘောလ်ပင်များ။ လူငယ်များအား ကောင်းမွန်းသောလူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူ သွေးပူလေ့ကျင့်ခန်းဦးဆောင်နေသည့် ရုပ်ပုံကို ဆွဲရန် တောင်းဆိုပါ။ သူတို့ဆွဲနေစဉ်တွင်၊ အခန်းအား လှည့်လည် လမ်းလျှောက်နေပြီး ၎င်းတို့ဆွဲသော ပုံတွင် အသေးစိတ်များပါဝင်အောင် ဆွဲရန် တောင်းဆိုပါ၊ အောက်ပါ အချက်များ လူငယ်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူလုပ်ဆောင်နေခြင်းများကို ပါပါစေ။

- နာရီကြည့်နေခြင်း
- အင်းတိုက်အားတိုက် ပြောဆိုခြင်း
- အခန်းပါတ်လည် လမ်းလျှောက်နေခြင်း
- ဆိုလိုချက်ကို ရှင်းလင်းစေရန် သူ (သို့) သူမ၏လက်များ အသုံးပြုနေခြင်း
- အုပ်စုမှ လူငယ်များ အားလုံးပါဝင်ခြင်း

## အခန်း အနှစ်ချုပ်

- သွေးပူလေ့ကျင့်ခန်း ကစားနည်းများကို လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူများမှ ဦးဆောင်သည်။
- သွေးပူ လေ့ကျင့်ခန်း ကစားနည်း ခြောက်မျိုးကို သင်ကြားရမည်။
- ကောင်းသော ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ် ဦးဆောင်နိုင်သူ
  - » အင်တိုက်အားတိုက် ပြောဆိုပါ။
  - » အခြားလူငယ်များ ပြောသည်ကို နားထောင်ပါ။
  - » စကားပြောနေစဉ် လက်ဟန်ခြေဟန် အသုံးပြုပါ။
  - » စကားပြောရင်း အခန်းတဝိုက် လမ်းလျှောက်ပါ။
  - » အခြားလူငယ်များ မျက်လုံးသို့ကြည့်ပါ။
  - » ရယ်စရာများ ပြုလုပ်ပါ။ (သို့သော် အခြား ပါဝင်သူများအား မလှောင်ပြောင်ရပါ)
  - » ပါဝင်သူအားလုံးအား အလှည့် ကမ်းလှမ်းခြင်း ပြုလုပ်ခဲ့ကြောင်း သေချာပါစေ။
  - » နာရီအားကြည့်ပါ။ ပြီးလျှင် ၁၀မိနစ် ပြည့်ပါက အဆုံးသတ်ပါ။
  - » သွေးပူလေ့ကျင့်ခန်း ကစားနည်း စည်းမျဉ်းများအား ရှင်းပြရန် အချိန်အကြာကြီးမယူပါနှင့်။
  - » အကယ်၍ပါဝင်သူသည် အလှည့်အား မလိုချင်ပါက အလှည့်အားယူရန် အတင်းမတိုက်တွန်းပါနှင့်။
  - » အခြားလူငယ်များကို ထိခိုက်အောင် (သို့) အနိုင်ကျင့်ခြင်းကိုဘယ်တော့မျှ မပြုလုပ်ရပါ။

# အခန်း (၁၂) စာဖတ်ရန်ခက်ခဲနေသော လူငယ်များကို မည်ကဲ့သို့ကူညီမည်နည်း။

## ရည်ရွယ်ချက်

ပါဝင်သူများသည် စာဖတ်ရန် ခက်ခဲနေသော လူငယ်များကို မည်ကဲ့သို့ ကူညီရမည်ကို သင်ကြားရမည်ဖြစ်သည်။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့ပစ္စည်းများ

- ပါဝင်သူတိုင်းအတွက် 'IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' မိတ္တူ
- အုပ်စုအတွင်းမှ လူငယ်တစ်ဝက်အတွက် 'IS 12a ဖတ်ရန်' မိတ္တူများ (သူတို့သည် နှစ်ယောက်တစ်တွဲ ၎င်းကိုဖတ်ရမည်)

## ပါဝင်သူများ

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ

## ဦးဆောင်သူများ

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) နှင့် ဦးဆောင်သူအတွက် သင်တန်း ပြီးဆုံးပြီးသူ WV ဝန်ထမ်း (သို့) လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူ

## သွေးပူလေ့ကျင့်ခန်း လှုပ်ရှားမှု

ဤ အခန်းအား အခြားသွေးပူလေ့ကျင့်ခန်း ကစားနည်းဖြင့် စတင်မည်ဖြစ်ကြောင်းရှင်းပြပါ။ ဤတစ်ခုကို 'သင်မသိသေးသော အရာ' ဟုခေါ် ဆိုပါ။ ၎င်းသည် ပျော်စရာကောင်းသည့်အဖွဲ့အား စုစည်းမှုတည်ဆောက်ခြင်းနှင့်အတူ လူများအား တက်ကြွအောင်လှုံ့ဆော်ပေးသည်။

ပါဝင်သူများအား 'IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' အား ထုတ်ရန်နှင့် 'သင်မသိသေးသောအရာ' ခေါင်းစဉ်သို့ လှန်ရန် တောင်းဆိုပါ။

'သင်မသိသေးသောအရာ' ၏ညွှန်ကြားချက်များအတိုင်း လိုက်နာပြီး တစ်ကြိမ်ပါဝင်သူများနှင့် ကစားပါ။ ပြီးလျှင် ပါဝင်သူများမှ ကစားနည်းအားဦးဆောင်ရန် စေတနာ့ဝန်ထမ်းအတွက် တောင်းဆိုပါ။ စေတနာ့ဝန်ထမ်းအား မည်သည့်အခန်းတွင်မျှ သွေးပူလေ့ကျင့်ခန်းအတွက် ဦးဆောင်မှုအလှည့် မယူခဲ့သူအား ရွေးချယ်ရန် ကြိုးစားပါ။

## ညွှန်ကြားချက် - စာဖတ်ရန်အခက်အခဲတွေ့နေသော လူငယ်အား ကူညီပါ စာဖတ်ခြင်း

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူ၏ ဒုတိယအလုပ်မှာ စာဖတ်ရန် အခက်တွေ့နေသော ပါဝင်သူလူငယ်များအား ကူညီရန်ဖြစ်ကြောင်း ရှင်းပြပါ။ အဖွဲ့ထဲတွင် စာမည်ကဲ့သို့ဖတ်ရမည်ကို မသိရှိသော (သို့) အနည်းငယ်သာ ဖတ်တတ်သော လူငယ် များရှိနေနိုင်သည်။

စာမဖတ်တတ်သောလူငယ်များမှာလည်း အခြားသူများကဲ့သို့ အသိဉာဏ်ရှိသူများဖြစ်ကြောင်း ရှင်းပြပါ။ သူတို့တွင် အကြံဉာဏ်ကောင်းများနှင့် တန်ဖိုးရှိသောထင်မြင်ယူဆချက်များ ရှိနေနိုင်သည်။ သူတို့ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် သင်ယူခြင်းနှင့် အကြံဉာဏ်များမျှဝေခြင်းဖြင့် ပါဝင်လာရန်မှာ အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။

### ကျွန်ုပ်တို့ စာမဖတ်တတ်သော လူငယ်များအား ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ပါဝင်လာအောင် မည်ကဲ့သို့ ပြုလုပ်မည်နည်း။

စာမဖတ်တတ်သူလူငယ်များအား ပါဝင်လာစေရန် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူ ပြုလုပ်နိုင်သည့် အရာများစွာရှိကြောင်း ရှင်းပြပါ။

### ၁. စာရေးထားသော စာရွက်စာတန်းများ၊ သင်္ကေတများနှင့် သရုပ်ပြကားချပ်များကို အသံထွက် ဖတ်ပါ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူ၏အလုပ်တစ်ခုတွင် အခြားလူငယ်များသို့ အသံထွက် ဖတ်ပြရန်မှာ တစ်ခု အပါအဝင်ဖြစ်ကြောင်း ပါဝင်သူများအားပြောပြပါ။ အကယ်၍အခန်းသည် ရေးသားထားသောIS စာရွက်များ၊ သင်္ကေတများ(သို့) သရုပ်ပြကားချပ်များပါဝင်ပါက လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူသည် ၎င်းတို့ကို စာမဖတ်တတ်သူလူငယ်များအား ဖတ်ပြသင့်သည်။ တစ်ခါတရံ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူသည် စာရွက်အား အဖွဲ့တစ်ခုလုံးသို့ အသံထွက်ဖတ်ပြရန် လိုအပ်နိုင်သည်။ အခြားအချိန်များတွင်မူ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူသည် စာမဖတ်တတ်သူလူငယ်ဘေးတွင် ထိုင်ပြီး သူမ (သို့) သူ့ကို တိုးတိတ်စွာ ဖတ်ပြရမည်ဖြစ်သည်။

### ၂. စာဖတ်ရန်ခက်ခဲသူလူငယ်နှင့် တွဲဖက် နေပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လှုပ်ရှားမှုများ ပြုလုပ်နေစဉ် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူသည် စာမဖတ်တတ်သူလူငယ်နှင့် မကြာခဏ တွဲဖက်နေသင့်ကြောင်း ရှင်းပြပါ။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူသည် စာရွက်စာတန်းအား အဖော်ဖြစ်သော သူ(သို့) သူမ အား ဖတ်ပြရမည်ဖြစ်သည်။ ပြီးလျှင် အဖြေမှာ မည်သည့်အရာဟုထင်ကြောင်း အဖော်အား မေးပါ။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ပံ့ပိုးနိုင်သူသည် အဖော်၏ စိတ်ကူးနှင့် မိမိ၏စိတ်ကူးအား ပေါင်းပြီး ၎င်းတို့ကို ချရေးပါ။ စာမဖတ်တတ်သောလူငယ်များအား ၎င်းတို့ကိုယ်စားဖြေပေးခြင်းမျိုး မဟုတ်ပဲ၊ ၎င်းတို့ ကိုယ်ပိုင်စိတ်ကူးအား တွေးခိုင်းခြင်း (သို့) ဖြေခိုင်းခြင်းပြုလုပ်ရန်မှာ အရေးကြီးသော အချက်တစ်ခု ဖြစ်သည်။

### ၃. စာဖတ်ရန်ခက်ခဲသောလူငယ်ပါဝင်သည့် အဖွဲ့ငယ်တွင် တစ်နေရာ ပါဝင်လိုက်ပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် အဖွဲ့ငယ်များအဖြစ် ခွဲလိုက်ချိန်တွင်၊ စာမဖတ်တတ်သောလူငယ်သည် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူတစ်ဦး (သို့) ပိုမိုသော အရေအတွက်ပါဝင်သည့်အုပ်စုတွင် ရှိသင့်ကြောင်း ပါဝင်သူများအား ပြောပြပါ။ ဆိုလိုသည်မှာ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူသည် အုပ်စုဆွေးနွေးမှုအား ဦးဆောင်ရန်ကူညီနိုင်သလို အုပ်စုအတွင်းအလုပ်လုပ်ခြင်းတွင် စာမဖတ်တတ်သူ လူငယ်အားကူညီပေးနိုင်မည်ဖြစ်သည်။

### စာဖတ်ရန်ခက်ခဲသော လူငယ်အား မည်သို့ ဆက်ဆံရမည်နည်း။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် စာဖတ်ရန်ခက်ခဲသောလူငယ်များကို အလေးထားဆက်ဆံရမည်ဖြစ်ကြောင်း ရှင်းပြပါ။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အောက်ပါ လမ်းညွှန်ချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ရှင်းပြပါ။

- စာဖတ်ရန် အကူအညီလိုအပ်သူလူငယ်အား အာရုံစိုက်မခံရပဲ သိရှိနိုင်အောင်ကြိုးစားပါ
- စာဖတ်ရန် ခက်ခဲသူလူငယ်များကို စခြင်း လှောင်ပြောင်းခြင်း မပြုလုပ်ရပါ။
- အတန်းထဲမှ စာမဖတ်တတ်သူမှာမည်သူဖြစ်ကြောင်း အခြားသူများကို မပြောပါနှင့်။
- စာမဖတ်နိုင်သူများအား အာရုံစူးစိုက်မိစေရန် မည်သည့်အကြောင်းကြောင့်မျှ မပြုလုပ်ရပါ။
- စိတ်ရှည်ပါ။

## လုပ်ဆောင်မှု

ပါဝင်သူများအား နှစ်ယောက်တစ်တွဲအဖြစ် လူစုခွဲရန် တောင်းဆိုပါ၊ ပြီးလျှင် 'IS 12a  စာဖတ်ခြင်း' ကို လက်ဆင့်ကမ်းပါ။ ပါဝင်သူများအား သင်ရိုး အား ဖတ်နိုင်းပြီး အောက်ရှိမေးခွန်းကို ဖြေခိုင်းပါ။

ပြီးဆုံးသွားပါက တစ်တွဲစီကို ၎င်းတို့အဖြေများအား မျှဝေရန် တောင်းဆိုပါ။ ပါဝင်သူများအား ၎င်းတို့အဖြေများအား ဆွေးနွေးခိုင်းပါ။ ပြီးလျှင် 'IS 12b  စာဖတ်ခြင်း အဖြေများမှ' ဖော်ပြခဲ့ခြင်းမရှိသော အဖြေများအား ထပ်ပြီးပေါင်းထည့်ပါ။

### အခန်း အနှစ်ချုပ်

- စာရွက်စာတမ်းများ၊ သင်္ကေတများနှင့် သရုပ်ပြကားချပ်များကို စာမဖတ်တတ်သော လူငယ်များသို့ အသံထွက်ဖတ်ပြပါ။
- စာမဖတ်တတ်သူလူငယ်နှင့် တွဲဖက် လုပ်ဆောင်ပါ။
- အုပ်စုငယ်များအဖြစ် ခွဲလိုက်ချိန်တိုင်း စာမဖတ်တတ်သူလူငယ်များကို ကူညီပါ။
- စာဖတ်ရန် ခက်ခဲသူလူငယ်များကို အလေးထားဆက်ဆံပါ။
- အကယ်၍ သင်သည် စာမဖတ်တတ်သူလူငယ်အား သိပါက အခြားလူငယ်များအား မပြောပါနှင့်။

## IS 12a:- စာဖတ်ခြင်း

K မှာ အသက် ၁၄ နှစ်ရှိ အလွန်တော်သူ ဆင်းရဲသည့်မိသားစုမှ ကောင်လေးတစ်ယောက်ဖြစ်သည်။ သူသည် အသက် ၉ နှစ်အရွယ်တွင် မိသားစုမှ ကျောင်းထားရန် ပိုက်ဆံမတတ်နိုင်သောကြောင့် ကျောင်းမှ ထွက်လိုက်ရသည်။ K သည် စာအုပ်များနှင့် ပိုစ်ကဒ်များအား ညပိုင်းတွင် လမ်းမပေါ်၌ ရောင်းချခြင်းဖြင့် မိသားစုကို ကူညီရသည်။ K သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကိုဆက်သွယ်ရန် တောင်းဆိုသော ဝေါလ်ဗီရှင်ဝန်ထမ်းအဖွဲ့ဝင်နှင့် မတွေ့ဆုံခင်က ပိုမိုကောင်းမွန်သောအလုပ်ကို ရှာဖွေရန် အခြားတစ်နေရာသို့ ပြောင်းရွှေ့ရန် စဉ်းစားနေသည်။

K သည် သူ၏ပထမဆုံးအဖွဲ့အစည်းအဝေးပွဲသို့ သွားခဲ့သည်။ အခြားအဖွဲ့ဝင်များနှင့်အတူ ပထမဆုံးထိုင်လိုက်ချိန်တွင် သူသည် စိတ်လှုပ်ရှားသွားသည်၊ အဘယ်ကြောင့်ဆိုသော် စာလုံးအနည်းငယ်မှ လွဲ၍ သူသည် စာမဖတ်တတ်သောကြောင့် ဖြစ်သည်။

လူကြီး ဦးဆောင်သူများသည် ကြယ်စနစ်နှင့် အားလုံးမြင်သာစေရန် သရုပ်ပြကားချပ် စာရွက်ပေါ်မှ အဆင့် ၁၊ ၂ နှင့် ၃ ရေးသားခြင်း ဆုများ အကြောင်းပြောကြားမည် ဖြစ်သည်။ K သည် ဦးဆောင်နိုင်သူရေးသားသောအရာများကို မဖတ်နိုင်ပါ။

ပြီးနောက် လူကြီး ဦးဆောင်နိုင်သူသည် ၄-၆ ထိ ရှိသောအုပ်စုငယ်များအား အဖွဲ့၏စည်းမျဉ်းများ အကြောင်းပြောရန် တောင်းဆိုမည်ဖြစ်သည်။ K သည် အခြား လူငယ်များက သူ့ကို အဖြေများအား ချရေးရန် ခိုင်းလာမည်ကို ကြောက်ရွံ့နေပါသည်။

ထိုနောက် လူကြီး ဦးဆောင်နိုင်သူက K မှ မဖတ်နိုင်သော အချက်အလက်စာရွက် (IS) ကို လက်ဆင့်ကမ်းပေးပါသည်။

အကယ်၍ သင်သည် ဤကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ လူငယ် ဦးဆောင်နိုင်သူဖြစ်သည် ဆိုပါစို့။ သင် K အားမည်ကဲ့သို့ ကူညီမည်နည်း။

## IS 12b - အဖြေများအား ဖတ်ပြခြင်း

ဦးဆောင်သူသည် ၎င်းကို သိမ်းထားရမည်ဖြစ်ပြီး လွှဲပြောင်းပေးခြင်း မလုပ်ရပါ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူ လုပ်ရမည်မှာ-

- K မှ စာမဖတ်နိုင်သည်ကို အာရုံစိုက်မိသွားစေရန်မလုပ်ရပါ။
- K ၏ ဘေးတွင်ထိုင်လိုက်ပါ။
- လူကြီး ဦးဆောင်နိုင်သူ ရေးသားထားသော သရုပ်ပြကားချပ်ပစ္စည်းကို K သို့ အသံထွက်၍ တိုးတိတ်စွာဖတ်ပြပါ။
- K ပါဝင်သည့်အုပ်စုငယ်မှ ဆွေးနွေးခြင်းနှင့် အားလုံး၏ထင်မြင်ချက်များအားရေးပေးသော စေတနာ့ဝန်ထမ်းအဖြစ် တူညီသော အုပ်စုတွင် ဝင်ရောက် ဆက်သွယ်လိုက်ပါ။
- K ဘေးတွင်ထိုင်ပြီး IS ကို အသံထွက်ဖတ်ပြပါ။

# အခန်း (၁၃) အုပ်စုငယ်ဆွေးနွေးခြင်းများကို ဦးဆောင်နိုင်ရန် မည်သို့ ကူညီရမည်နည်း။

## ရည်ရွယ်ချက်

ပါဝင်သူများသည် အုပ်စုငယ်ဆွေးနွေးခြင်းအား မည်ကဲ့သို့ဦးဆောင်ရမည်ကို သင်ယူရမည်။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့ပစ္စည်းများ

- ပါဝင်သူတိုင်းအတွက် IS 10a သွေးပူလေ့ကျင့်ခန်း ကစားနည်းများ မိတ္တူ
- အောက်ပါတို့မှ ခန့်မှန်းချေ မိတ္တူ ၅စုံ
  - » 'IS 13a အဓိကနေရာမှ ဆွေးနွေးခြင်း' သီးခြားကဒ်များသို့ ဖြတ်ထုတ်ပါ ။
  - » 'IS13b ဆွေးနွေးခြင်းများ ဦးဆောင်ကူညီခြင်း' (အုပ်စုတစ်ခုစီအတွက် မိတ္တူ တစ်ခုစီ).
- IS 13a အဓိကနေရာမှ ဆွေးနွေးခြင်းမှ ကြေညာချက်များကို အခန်းမစတင်မီ သီးခြားကြေညာချက်များအဖြစ်ဖြတ်ထားရမည်။

## ပါဝင်သူများ

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ

## ဦးဆောင်သူများ

သင်ရိုးညွှန်းတမ်းစာအုပ် (Toolkit) သင်တန်းပြီးဆုံးပြီးသူ WV ဝန်ထမ်း (သို့) လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်နိုင်သူ။

## သွေးပူလေ့ကျင့်ခန်း လှုပ်ရှားမှု

'ဘောလုံးအမည် ကစားနည်း' ဟုခေါ်သော သွေးပူလေ့ကျင့်ခန်း ကစားနည်းဖြင့် ဤအခန်းအား စတင်မည်ဖြစ်ကြောင်း ရှင်းပြပါ – ပြီးလျှင် ကစားနည်းမှာ ယနေ့အတွက် အလုပ်ရုံဆွေးနွေးပွဲအစတွင် အုပ်စုဖြင့် ကစားရခြင်းဖြစ်သည်။ ပါဝင်သူများအား ၎င်းတို့၏ 'IS 10a: သွေးပူလေ့ကျင့်ခန်း ကစားနည်းများ' မိတ္တူများကို ထုတ်ရန် တောင်းဆိုပါ။

ကစားနည်း ခေါင်းစဉ် 'ဘောလုံးအမည်ကစားနည်း' သို့ ပြောင်းလိုက်ပါ။

'ဘောလုံး အမည်ကစားနည်း' ၏ညွှန်ကြားချက်များအတိုင်း လိုက်နာ၍ ပါဝင်သူများနှင့် တစ်လှည့်ကစားလိုက်ပါ။ ပြီးလျှင်၊ ပါဝင်သူများထဲမှ ကစားနည်းကို ဦးဆောင်ရန် စေတနာ့ဝန်ထမ်းကို မေးမြန်းပါ။ ၎င်းတို့ရှေ့ပိုင်းက သင်ယူပြီးခဲ့သော ကိုယ်ပိုင်အရည်အချင်းများကို အသုံးပြုရန် သတိပေးလိုက်ပါ။ စေတနာ့ဝန်ထမ်းအား မည်သည့်အခန်းတွင်မျှ သွေးပူလေ့ကျင့်ခန်းအတွက် ဦးဆောင်မှုအလှည့် မယူခဲ့သူအား ရွေးချယ်ရန် ကြိုးစားပါ။

## ညွှန်ကြားချက် - ဦးဆောင်ခြင်း အရည်အချင်း

ယခု လူကြီးဦးဆောင်နိုင်သူသည် ပါဝင်သူများအား ဆွေးနွေးရန်(သို့) တိကျသောကိစ္စများအတွက် မေးခွန်းများအား ဖြေဆိုရန် အဖွဲ့ငယ်လေးများအဖြစ် မကြာခဏ ခွဲခိုင်းလိမ့်မည်ဖြစ်ကြောင်း ရှင်းပြပါ။ ထိုကဲ့သို့ဖြစ်ပေါ်လာပါက လူငယ် ကျွမ်းကျင်သော လမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူသည် ဆွေးနွေးပွဲအား ဦးဆောင်နိုင်ရန် ကူညီလိမ့်မည်ဖြစ်သည်။

ပါဝင်သူများအား ဆွေးနွေးပွဲအား ဦးဆောင်ခြင်းသည် သွေးပူလေ့ကျင့်ခန်း လှုပ်ရှားမှုကို ဦးဆောင်ရသည်နှင့် ကွဲပြားကြောင်း ပြောပြပါ။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် လှုပ်ရှားမှုကို ဦးဆောင်သည့်အခါ၊ သူတို့သည် ညွှန်ကြားမှုများပေးခြင်းနှင့် အခြားသူများ ဘာလုပ်ရမည်ကိုပြောပြပါလိမ့်မည်။ သို့သော် သူတို့ဆွေးနွေးပွဲအား ဦးဆောင်ပေးသောအခါ သူတို့သည် အခြားပါဝင်သူများအား ၎င်းတို့၏ထင်မြင်ချက်များအား မျှဝေနိုင်ရန် ကူညီပြီး ပါဝင်သူအားလုံးတွင် စကားပြောရန် အခွင့်အရေးရရှိစေရန် ကျွမ်းကျင်သောလမ်းပြလူငယ်မှ ပြုလုပ်ပေးရမည်။ သူတို့ ဆွေးနွေးပွဲအား ဦးဆောင်ပေးပါက ၎င်းတို့မှ မေးခွန်းများစွာ မေးရမည်ဖြစ်သည်။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်နိုင်သူသည် အခြားသူများ စကားပြောလာရန် လုပ်ဆောင်နိုင်သော နည်းလမ်းများ ရှိကြောင်း ရှင်းပြရမည်။ ဤနည်းလမ်းများကို အုပ်စုသို့ အသံထွက်ဖတ်ပြပါပြီး အကယ်၍ မေးခွန်းများရှိပါက မေးနိုင်းကြောင်းပြောပါ။

### ဆွေးနွေးပွဲများအား မည်ကဲ့သို့ ဦးဆောင်ရမည်နည်း။

- **ဆိတ်ဆိတ်နေတတ်သော ပါဝင်သူများကိုလည်းပါဝင်စေပါ။** အုပ်စုအား သတိပြုပါ။ အကယ်၍ အချို့ပါဝင်သူများမှာ စကားမပြောဆိုပါက ညင်သာစွာဖြင့် ၎င်းတို့၏ ဤအကြောင်းအရာအပေါ် ထင်မြင်ချက်အားမေးမြန်းပါ။ ၎င်းတို့ကို စကားပြောရန် အတင်း မတိုက်တွန်းပါနှင့်။ သို့သော် သူတို့လိုလားပါက ဖိတ်ခေါ်လိုက်ပါ။
- **စကားများသူများကို ကန့်သတ်ပေးပါ။** အကယ်၍ ပါဝင်သူတစ်ယောက်တည်းမှ အားလုံးပြောနေပါက ယဉ်ကျေးစွာဖြင့် သူ (သို့) သူမအား အခြားအခွင့်အရေးပေးရန် အကြံဉာဏ်ပေးပါ။ ဥပမာ၊ ပါဝင်သူ၏စာကြောင်းအဆုံးကို စောင့်ဆိုင်းပြီး၊ 'အဲဒီအတွက် ကျေးဇူးတင်ပါတယ်၊ သင် ဒီနေရာမှာ ရပ်ဖို့ပြောရတဲ့အတွက် တောင်းပန်ပါတယ်၊ ဒါပေမယ် ကျွန်တော်တို့မှာ အချိန်ကန့်သတ်ထားလို့ပါ။ ကျွန်တော် တခြားသူတွေကို ဒီအကြောင်းအရာအတွက် ထင်မြင်ချက်လေးများ တောင်းလို့ရနိုင်မလား ' ဟုပြောလိုက်ပါ။
- **ပုံစံပြောင်းပါ။** သင်သည် ဆွေးနွေးပွဲအား တစ်ယောက်ယောက်ပြောလိုက်သော စကားအား အခြားသူများ သဘောတူ၊ မတူမေးမြန်းခြင်းဖြင့် အခြားပုံစံပြောင်းနိုင်သည်။ ဥပမာ၊ 'သူမက ......... ဒီလို ပြောတယ်၊ မင်းလက်ခံလား'
- **နားထောင်ပါ။** အကယ်၍ သင်သည် အခြားလူငယ်များ ဘာပြောသည်ကို တကယ်နားထောင်ပါက သူတို့သည် ပိုမိုပြောပြချင်စိတ် ရှိလာမည်ဖြစ်သည်။ သင်သည် ဆွေးနွေးခြင်းကို ကူညီပေးနိုင်မည့် သင့်တော်သောမေးခွန်းများကိုလည်း စဉ်းစားနိုင်ရမည်။
- **မေးခွန်းများ များများမေးပါ။** ၎င်းမေးခွန်းများမှာ လူငယ်များ ထင်မြင်ချက်နှင့် ယုံကြည်ချက်များဖြစ်ပြီး၊ ဘယ်လောက်သိရှိသလဲဆိုသည်ကို စမ်းသပ်သည့်မေးခွန်းမျိုးမဖြစ်ရပါ။ လူငယ်များ ထင်မြင်ချက်၊ ယုံကြည်ချက်များအတွက် မေးသောမေခွန်းများတွင် အောက်ပါတို့လည်း ပါဝင်သည်။
  - » 'လူငယ်များ ကျောင်းမှထွက်ရသည့် အကြောင်းအရာအချို့ကို သင်ဘာတွေလို့ ထင်ပါသလဲ'။
  - » 'သင်သည် သင့်ဘဝအတွက် ဤစစ်ဆေးရန် စာရင်းများကို အသုံးပြုနိုင်ပါသလား။ ဘာကြောင့် / ဘာကြောင့် မရသနည်း'။
- အသိပညာအတွက် မေးခွန်းမှာ-
  - » 'လူကုန်ကူးမှု ဖြစ်နေကျ နိုင်ငံများအမည် ပေးပါ။
- ကျွမ်းကျင်သော လမ်းပြလူငယ်သင်ရိုးညွှန်းတမ်းစာအုပ် (SNT) တွင် ကျွန်ုပ်တို့သည် ထင်မြင်ချက်နှင့် အကြံဉာဏ်များ အကြောင်းမေးထားသော မေးခွန်းများစွာ အသုံးပြုထားပါသည်။

## လုပ်ဆောင်မှု - ဆွေးနွေးပွဲများအား ထောက်ပံ့ပေးခြင်း

ပါဝင်သူများအား အုပ်စု ရှစ်ယောက်တစု ခွဲလိုက်ပါ။ ပါဝင်သူတိုင်းအား 'IS 13a အဓိကနေရာမှ ဆွေးနွေးခြင်း' မှ ကတ်တစ်ခုစီပေးလိုက်ပါ။ ပြီးလျှင် အုပ်စု တစ်ခုစီသို့ 'IS 13b ဆွေးနွေးပွဲများဦးဆောင်ခြင်း' ၏ မိတ္တူ တစ်ခုစီ ပေးလိုက်ပါ။ သင်သည် ဆွေးနွေးခြင်းတွင် အဓိကနေရာမှ လုပ်ဆောင်မည်ဖြစ်ကြောင်းနှင့် ပါဝင်သူတိုင်းသည် သူ (သို့) သူမ လက်ခံရရှိခဲ့သည့်ကတ်ပေါ် မှ ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။ လူအချို့မှာ အနည်းငယ်ကြမ်းတမ်းသောပုံစံ ပြုလုပ်ရန် ညွှန်ကြားထားနိုင်ပြီး ၎င်းမှာ သရုပ်ဆောင်နေခြင်းဖြစ်ကြောင်း လူတိုင်းမှတ်သားထားရန် လိုအပ်ကြောင်း အုပ်စုသို့ ရှင်းပြရမည်ဖြစ်သည်။ ဦးဆောင်သူနေရာ ကဒ်နှင့် လူမှာ 'IS 13b ဆွေးနွေးခြင်းများ ဦးဆောင်ခြင်း' မှ ပေးထားသော နည်းလမ်းများကို အသုံးပြုရန် ကြိုးစားသင့်သည်။

ပံ့ပိုးသူမှာ အောက်ပါ ဆွေးနွေးရန် အကြောင်းအရာများမှ တစ်ခုကို ရွေးချယ်နိုင်သည်။

- ရေပန်းစားသော ရုပ်ရှင်များ
- ရေပန်းစားသော သီချင်းများ
- နိုင်ငံခြား အစားအစာ
- ထင်ရှားသော အားကစားသမားများ။

လူကုန်ကူးမှုနှင့် မသက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးရခြင်းဖြင့် ပါဝင်သူများသည် ၎င်းတို့၏ ဦးဆောင်နိုင်မှု အရည်အချင်းများ အပေါ်အာရုံစိုက်နိုင်ရန် ရည်ရွယ်ချက်ဖြစ်ကြောင်း ရှင်းပြပါ။

အုပ်စုများသည် အကြောင်းအရာတစ်ခုကို ငါးမိနစ်ခန့် ဆွေးနွေးနိုင်ကြောင်း ရှင်းပြပါ။ သူတို့ ပြီးဆုံးပါက၊ တစ်ယောက်ချင်းစီသည် ကဒ်များအား အိတ်ထဲသို့ ထည့်ပါ။ ရောနှောပြီးနောက် အသစ်တစ်ခုအား ပြန်လည်ရွေးချယ်ပါ။ (အကယ်၍ တစ်စုံတစ်ယောက်သည် ဦးဆောင်သူ ကဒ်အား နှစ်ကြိမ် ရရှိပါက၊ သူ (သို့) သူမသည် ၎င်းကို အိတ်အတွင်း ပြန်ထည့်ပြီး အခြားကဒ်တစ်ခုကို ပြန်ယူနိုင်ပါသည်။)

ပါဝင်သူများမှ ကွဲပြားသောကဏ္ဍများမှ ပြောကြားရန် အခွင့်အရေးပေးနိုင်ရန်အတွက် အုပ်စုအား ဤကဲ့သို့ သုံး (သို့) လေးကြိမ် ထပ်ခါထပ်ခါ ပြုလုပ်ပါ။

သူတို့ ပြီးဆုံးပါက၊ ပါဝင်သူများကို အုပ်စုတစ်ခုအဖြစ် အတူတကွ ပူးပေါင်းခိုင်းပါ။ မေးရန်မှာ-

- ဤ လှုပ်ရှားမှုအား မည်ကဲ့သို့ ခံစားပါသလဲ။
- မည်သည့်အရည်အချင်းများက အလွယ်တကူ အသုံးပြု၍ ရပါလဲ။
- မည်သည့်အရည်အချင်းများက ခက်ခဲပါသလဲ။
- ဘာကြောင့်ခက်ခဲ ပါသလဲ။
- ပိုမိုလေ့ကျင့်ပါက တိုးတက်လာသည်ဟု ခံစားရပါသလား။
- သင်သည် ပိုမိုလွယ်ကူစေရန် ကိုယ်ပိုင်လှည့်စားမှုများ ပြုလုပ်ခဲ့လျှင် ၎င်းကို အုပ်စုသို့ မျှဝေချင်ပါလား။

## အခန်း အနှစ်ချုပ်

- ဆွေးနွေးပွဲကို ဦးဆောင်ခြင်းသည် သွေးပူလေ့ကျင့်ခန်းအား ဦးဆောင်ခြင်းနှင့် ခြားနားနေပါသည်။ ဆွေးနွေးပွဲတွင် ဦးဆောင်သူသည် မေးခွန်းများပိုမေးပြီး ပိုမိုနားထောင်ရမည်ဖြစ်သည်။
- ဆွေးနွေးပွဲများကို ဦးဆောင်ကူညီရန်မှာ-
  » ဆိတ်ဆိတ်နေသူ ပါဝင်သူများကိုလည်း ပါဝင်ပါစေ။
  » စကားများများပြောသူ များကို ကန့်သတ်ပါ။
  » ပုံစံပြောင်းပါ။
  » နားထောင်ပါ။
  » လူငယ်များ၏ထင်မြင်ချက်များအကြောင်း မေးခွန်းများစွာ မေးပါ။

## IS 13a  အဓိကနေရာမှ ဆွေးနွေးခြင်း

(အချို့ကတ်များမှာ နှစ်ကြိမ်ပါဝင်နေကြောင်း သတိပြုပါ)
သင်သည် ဦးဆောင်နိုင်သူဖြစ်သည်။

သင်အများကြီးပြောနေသည်။ ဦးဆောင်နိုင်သူမှ ယဉ်ကျေးစွာရပ်ရန် မပြောမချင်း သင်သည် ဆွေးနွေးခြင်းကို စိုးမိုးနေသည်။

ဒါဆို ရပ်လိုက်ပါ။ တစ်ကြိမ်သာ ပြုလုပ်ပါ။

သင်ရှက်နေသည်။ လာမမေးပါက သင် မပြောပဲနေပါ။

သင်ရှက်နေသည်။ လာမမေးပါက သင် မပြောပဲနေပါ။

သင့် အနီးနားမှလူကို စကားဆက်လက်ပြောကြားပါ။

သင်သည် ဂေါလ်ဗီရှင်ယုံကြည်မှုများနှင့် ဆန့်ကျင်သော ကြေငြာချက်တစ်ခုကို ပြုလုပ်ပါ။ ၎င်းကို တစ်ကြိမ်သာ ပြုလုပ်ပါ။

သာမန်အားဖြင့် သင်သည် ဆွေးနွေးပွဲတွင် စေ့စပ်ညှိနှိုင်းပါ။

သာမန်အားဖြင့် သင်သည် ဆွေးနွေးပွဲတွင် စေ့စပ်ညှိနှိုင်းပါ။

## IS 13b  ဆွေးနွေးပွဲများအား ဦးဆောင်ခြင်း

### ဆွေးနွေးပွဲများအား မည်ကဲ့သို့ ဦးဆောင်မည်နည်း။

- **ဆိတ်ဆိတ်နေတတ်သော ပါဝင်သူများလည်း ပါဝင်စေပါ။** အုပ်စုအား သတိပြုပါ။ အကယ်၍ အချို့ပါဝင်သူများမှာ စကားမပြောဆိုပါက ညင်သာစွာဖြင့် ၎င်းတို့၏ ဤအကြောင်းအရာအပေါ် ထင်မြင်ချက်အားမေးမြန်းပါ။ ၎င်းတို့ကို စကားပြောရန် အတင်း မတိုက်တွန်းပါနှင့်။ သို့သော် သူတို့ လိုလားပါက ဖိတ်ခေါ်လိုက်ပါ။
- **စကားများသူများကို ကန့်သတ်ပေးပါ။** အကယ်၍ပါဝင်သူတစ်ယောက်တည်းမှ အားလုံးပြောနေပါက၊ ယဉ်ကျေးစွာဖြင့် သူ (သို့) သူမအား အခြားအခွင့်အရေးပေးရန် အကြံဉာဏ်ပေးပါ။ ဥပမာ၊ ပါဝင်သူ၏စာကြောင်းအဆုံးကို စောင့်ဆိုင်းပြီး၊ ‘အဲဒီအတွက် ကျေးဇူးတင်ပါတယ်၊ သင် ဒီနေရာမှာ ရပ်ဖို့ပြောရတဲ့အတွက် တောင်းပန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့မှာ အချိန်ကန့်သတ်ထားလို့ပါ။ ကျွန်တော် တခြားသူတွေကို ဒီအကြောင်းအရာအတွက် ထင်မြင်ချက်လေးများ တောင်းလို့ရနိုင်မလား’ ဟုပြောလိုက်ပါ။
- **ပုံစံပြောင်းပါ။** သင်သည် ဆွေးနွေးပွဲအား တစ်ယောက်ယောက်ပြောလိုက်သော စကားအား အခြားသူများ သဘောတူ၊ မတူမေးမြန်းခြင်းဖြင့် အခြား ပုံစံပြောင်းနိုင်သည်။ ဥပမာ၊ ‘သူမက _______________ဒီလို ပြောတယ်၊ မင်းလက်ခံလား’
- **နားထောင်ပါ။** အကယ်၍ သင်သည် အခြားလူငယ်များ ဘာပြောသည်ကို တကယ်နားထောင်ပါက သူတို့သည် ပိုမိုပြောပြချင်စိတ် ရှိလာမည်ဖြစ်သည်။ သင်သည် ဆွေးနွေးခြင်းကို ကူညီပေးနိုင်မည့် သင့်တော်သော မေးခွန်းများကိုလည်း စဉ်းစားနိုင်ရမည်။
- **မေးခွန်းများ များများမေးပါ။** ၎င်းမေးခွန်းများမှာ လူငယ်များ ထင်မြင်ချက်နှင့် ယုံကြည်ချက်များဖြစ်ပြီး၊  ဘယ်လောက်သိရှိသလဲဆိုသည်ကို စမ်းသပ်သည့်မေးခွန်းမျိုးမဖြစ်ရပါ။ လူငယ်များ ထင်မြင်ချက် ယုံကြည်ချက်များအတွက် မေးသောမေခွန်းများတွင် အောက်ပါတို့လည်း ပါဝင်သည်။

  » ‘လူငယ်များ ကျောင်းမှထွက်ရသည့် အကြောင်းအရာအချို့ကို သင်ဘာတွေလို့ ထင်ပါသလဲ’။

  » ‘သင်သည် သင့်ဘဝအတွက် ဤစစ်ဆေးရန် စာရင်းများကို အသုံးပြုနိုင်ပါသလား။ ဘာကြောင့် (သို့) ဘာကြောင့်မရသနည်း’။

အသိပညာအတွက် မေးခွန်းမှာ-

  » ‘လူကုန်ကူးမှုဖြစ်နေကျ နိုင်ငံအမည် ပေးပါ။

# အခန်း (၁၄) အဖွဲ့နှင့် ကျွမ်းကျင်သောလမ်းပြလူငယ် အဖွဲ့ရှိ လူငယ်များအကြား မည်သို့ ချိတ်ဆက်မှု ပြုလုပ်မည်နည်း။

## ရည်ရွယ်ချက်

ပါဝင်သူများသည် အဖွဲ့ပါဝင်သူများနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အကြား ဆက်သွယ်ချက်များကို မည်ကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို လေ့လာသင်ယူကြရမည်။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့ပစ္စည်းများ

- အထည်အပိုင်းအစ တစ်ခု
- ပါဝင်သူ တစ်ယောက်စီအတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသင်တန်း ထောက်ခံချက် တစ်ခုစီ
- ဘောလုံးတစ်လုံး
- 'IS 10a သွေးပူ ကစားနည်းများ' ၏ မိတ္တူများ
- 'IS 14a မှတ်ဉာဏ်ဘောလုံးကစားနည်း မေးခွန်း ၂' ၏ မိတ္တူများ

## ပါဝင်သူများ

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ

## ဦးဆောင်သူများ

ဦးဆောင်သူသည် SNT သင်တန်း ပြီးဆုံးထားပြီးသား WV ဝန်ထမ်း သို့မဟုတ်လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများ

## သွေးပူလေ့ကျင့်ခန်း လှုပ်ရှားမှု

ဤအခန်းသည် နောက်ထပ် သွေးပူကစားနည်းတစ်ခုဖြင့် စတင်လိမ့်မည်ကို ရှင်းပြပါ။ ၎င်းကစားပွဲကို အထည် သို့မဟုတ် ပုဝါ ကစားနည်းဟု ခေါ်သည်။ ၎င်းသည် အဖွဲ့စည်းလုံးညီညွတ်မှုပေါ်တွင် တည်ဆောက်ထားသော ပျော်ရွှင်ဖွယ်ကစားနည်းတစ်ခု ဖြစ်ပြီးလူများကို အခြားလူတွေအကြောင်း ပိုမိုလေ့လာသင်ယူနိုင်ရန် ကူညီသည်။

ပါဝင်သူများကို သူတို့၏ 'IS 10a သွေးပူကစားနည်းများ' မိတ္တူကို ထုတ်ယူရန် ပြောကြားပါ။

ပါဝင်သူများနှင့် အထည် သို့မဟုတ် ပုဝါ ကစားနည်း တစ်လှည့်ကစားရန်အတွက် ညွှန်ကြားချက်များကို လိုက်နာပါ။ ထို့နောက် ပါဝင်သူများကို ကစားပွဲကို ကိုယ့်သဘောအလျောက် ဦးဆောင်ရန် ပြောကြားပါ။ အခြားအခန်းများ၏ သွေးပူကစားပွဲတစ်ခုတွင် ဦးဆောင်ရန် အလှည့်မကျသေးသူတစ်ဦးကို ကိုယ့်သဘောအလျောက် လုပ်ဆောင်သူအနေဖြင့် ရွေးချယ်ပါ။

## ညွှန်ကြားချက် - အဆက်အသွယ်များ တည်ဆောက်ခြင်း

### အဆက်အသွယ်များ တည်ဆောက်ခြင်း

ပါဝင်သူများကို မိနစ်ပိုင်းမျှ ၎င်းတို့၏ မျက်လုံးများကို မှိတ်ထားစေပြီး ၎င်းတို့သဘောအကျဆုံး ဆရာတစ်ယောက်အကြောင်း စဉ်းစားဖို့ ပြောကြားပါ။ ၎င်းတို့ကို သူမ သို့မဟုတ် သူ၏ရုပ်ရည်အကျင့်စရိုက်အကြောင်းနှင့် ၎င်းတို့ ထိုဆရာကို ကြိုက်စေသည့် အရာများကို စဉ်းစားဖို့ ပြောကြားပါ။ ပါဝင်သူများသည် ထိုဆရာနှင့် ကောင်းမွန်သောအဆက်အသွယ်ရှိပါသလားနှင့် ထိုဆရာဆီမှ သင်ယူလေ့လာဖို့ မည်သည့်အရာက ကူညီခဲ့သည်ဆိုတာကို ယခု မေးမြန်းပါ။ ကောင်းမွန်သော သင်ကြားရေးတွင် အကြောင်းအရာတစ်ခုကို သိရုံထက် ပိုမိုပါဝင်သည်။ ၎င်းတွင် အဆက်အသွယ်များ တည်ဆောက်ခြင်း ပါဝင်သည်ဆိုတာကို ရှင်းပြပါ။ ဤသည်မှာ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ပါဝင်သူများနှင့် အဆက်အသွယ်များ တည်ဆောက်ရန် ကြိုးစားသင့်ကြောင်း ဆိုလိုသည်။ ၎င်းတို့သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ရှိ အဖွဲ့ဝင်တိုင်းအကြောင်းမှ ၎င်းတို့ ကြိုက်ရာကို ရှာဖွေဖို့ ကြိုးပမ်းသင့်သည်။ ဦးဆောင်သူများသည် အခြားလူငယ်များ၏မိသားစုများကြောင်း လေ့လာသင်ယူရန် ကြိုးပမ်းသင့်သည်။ လူငယ်များ၏ သူငယ်ချင်း၏အမည်များကို မှတ်မိထားသင့်ပြီး ၎င်းတို့၏ဝါသနာများကို မေးမြန်းထားပါ။

### ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများနှင့်အဆက်အသွယ်ကို ထိန်းသိမ်းပါ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူ၏ နောက်ထပ်အလုပ်တစ်ခုမှာ အခြားလူငယ်များနှင့်အဆက်အသွယ်ကို ထိန်းသိမ်းရန်ဖြစ်ကြောင်း ရှင်းပြပါ။ ဥပမာအားဖြင့် အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ဦးသည် အဖွဲ့သို့ မလာတော့လျှင် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် လူငယ်၏ သူငယ်ချင်းများကို သူ သို့မဟုတ် သူမ အဆင်ပြေ မပြေ ကို မေးမြန်းသင့်သည်။

အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက်တွင် အိမ်တွင် ဒုက္ခရှိနေခဲ့လျှင် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် လူကြီး ဦးဆောင်သူကို ထိုအကြောင်းပြောကြားသင့်သည်ဆိုတာကို ပါဝင်သူများကို ပြောကြားပါ။

အကယ်၍ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက်က ရွှေ့ပြောင်းသွားလာဖို့ သို့မဟုတ် အလုပ်စလုပ်ဖို့ စဉ်းစားနေကြောင်းသိခဲ့လျှင် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် လူကြီး ဦးဆောင်သူကို ထိုကြောင်းပြောပြသင့်သည်ကို ရှင်းပြပါ။

### လုံခြုံမှုကို ထိန်းသိမ်းပါ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် အခြား ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများနှင့် အဆက်အသွယ်ကို ထိန်းသိမ်းပြီး ၎င်းတို့အတွက် သူငယ်ချင်းကောင်းဖြစ်ရန် ကြိုးစားဖို့အတွက် ရှင်းပြပါ။ သို့သော် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် သူ သို့မဟုတ် သူမ၏ကိုယ်ပိုင်လုံခြုံရေးကို ပထမဆုံးစဉ်းစားခြင်းသည်လည်း အရေးကြီးသည်။ ပါဝင်သူများကို လူငယ်ဦးဆောင်သူများသည် အခြားသောကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ပါဝင်သူများ၏အိမ်သို့ (အကယ်၍ သူတို့သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မစတင်မီကတည်းက သူငယ်ချင်းဖြစ်ပြီး အိမ်သည် လုံခြုံသောနေရာဖြစ်ကြောင်း သူတို့သိတာမျိုး မဟုတ်လျှင်) အလည်အပတ်မသွားသင့်ကြောင်းကို ပြောကြားပါ။ ဥပမာအားဖြင့် အကယ်၍ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်တစ်ယောက်က အခြားသော လူငယ်တစ်ယောက်သည် သူ၏ သို့မဟုတ် သူမ၏ အဖေရဲ့ရိုက်ခြင်းခံနေရသည်ကို ကြားလျှင် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် ထိုပုဂ္ဂိုလ်၏အိမ်သို့ သွားရောက်လည်ပတ်ခြင်းမပြုသင့်ပေ။ သို့သော် လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူကို ပြောကြားသင့်သည်။

## သင့်ရဲ့ ကန့်သတ်ချက် ကို သိပါ။

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ၎င်းတို့၏ကိုယ်ပိုင် ကန့်သတ်ချက်များကို သိသင့်ကြောင်း ရှင်းပြပါ။ ဤသည်မှာ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် ၎င်းတို့မဖြေရှင်းနိုင်သော အခြေအနေများကို မှတ်သားထားသင့်ကြောင်းကို ဆိုလိုသည်။ လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူကို ပြောကြားခြင်းဖြင့် အဖွဲ့ဝင်တစ်ယောက်ကိုကူညီရန် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူတစ်ယောက်အတွက် အကောင်းဆုံးနည်းလမ်းရရှိရန် အချိန်ရှိပါကြောင်း ပါဝင်သူများကို ပြောပြပါ။ ဤအရာသည် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူ တစ်ယောက်သည် လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူကို ချက်ခြင်း သတင်းပို့သင့်သည့် အခြေအနေများစာရင်း ဖြစ်ကြောင်း ပါဝင်သူများကို ပြောပြပါ။ စာရင်းကို ကျယ်လောင်စွာ ဖတ်ပြပါ။

- အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက် နေမကောင်းဖြစ်လျှင်
- အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက် အိမ်ယာမဲ့နေလျှင်
- အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက်သည် နာကျင်ခဲ့လျှင် သို့မဟုတ် မိဘတစ်ယောက်ယောက်မှ နာကျင်စေခဲ့လျှင်
- အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက်သည် အလုပ်လုပ်နေသည် သို့မဟုတ် ရွှေ့ပြောင်းသွားလာခဲ့သည်ဟု တွေးတောမိလျှင်
- အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက်သည် တရားမဝင်ဆေးဝါးများ သုံးစွဲနေလျှင်

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် အခြားအလုပ်သည် အခန်းများကို ပြင်ဆင်ရာတွင် လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများကို ကူညီရန်ဖြစ်ကြောင်း ရှင်းပြပါ။ အရွယ်ရောက်ပြီးသော ဦးဆောင်သူများသည် ပစ္စည်းကိရိယာများဖြတ်တောက်ရန် သို့မဟုတ် အခန်းအတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ စာသင်ခန်းများကို ပြင်ဆင်ခြင်းကဲ့သို့သော အလုပ်များကို ကူလုပ်ရန်အတွက် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများကို ပြောဆိုနိုင်သည်။

သို့သော် လူကြီးများသည် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆာင်သူများကို အများကြီး မခိုင်းသင့်ကြောင်း ရှင်းပြပါ။ ပါဝင်သူများကို ပြောပြပါ။

- လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများကို ၎င်းတို့၏ကျောင်းအလုပ်များကို အနှောင့်အယှက်ဖြစ်စေမည့်အလုပ်များကို လုပ်ရန် မပြောသင့်ပါ။
- လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများကို ၎င်းတို့ အန္တရာယ်ရှိမည့်နေရာမျိုးတွင် အလုပ်များကို လုပ်ရန် မပြောသင့်ပါ၊ ဥပမာအားဖြင့် မိတ္တူကူးရန်အတွက် ၎င်းတို့မသိသည့် အိမ်နီးချင်းတစ်ယောက်ထံသို့ သွားခြင်းမျိုးဖြစ်သည်။ ပေါ်လ်စီရှင်တွင် လူငယ်များသည် လူကြီးတစ်ဦးနှင့် တစ်ယောက်တည်း အတူတကွ ရှိမနေသင့်ဆိုသော ကလေးသူငယ် အကာအကွယ်ပေးရေးမူဝါဒရှိကြောင်း ရှင်းပြပါ။ ဤသည်မှာ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် တစ်ယောက်တည်း ဆရာတစ်ယောက်နှင့်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အခန်းတစ်ခုအတွက် ပြင်ဆင်ရန် မပြောသင့်ကြောင်း ဆိုလိုသည်။

## လုပ်ဆောင်ချက် - မှတ်ဉာဏ်ဘောလုံး ကစားနည်း

အဖွဲ့သည် ယခုအခါ မှတ်ဉာဏ်ဘောလုံးကစားနည်း ကစားတော့မည်ဖြစ်ကြောင်း ရှင်းပြပါ။ ပါဝင်သူများကို သူတို့သင်ထားသည့်အရာများကို သူတို့မှတ်မိဖို့ ကူညီရန် သူတို့၏ IS 10a: သွေးပူ ကစားနည်းမှ မိတ္တူကို ထုတ်ယူပြီး မှတ်ဉာဏ်ဘောလုံး ကစားနည်းဟု ခေါင်းစဉ်တပ်ထားသော စာမျက်နှာကို ထပ်မံလှန်ခိုင်းလိုက်ပါ။ ညွှန်ကြားချက်များကို လိုက်နာပြီး ကစားပွဲကစားရန် အုပ်စုကို ဦးဆောင်လိုက်ပါ။ အောက်ပါ IS 14a: မှတ်ဉာဏ်ဘောလုံး ကစားနည်း မေးခွန်း ၂ မှ မေးခွန်းများကို အသုံးပြုပါ။

ပါဝင်သူများသည် ခန့်မှန်းခြေမေးခွန်း ငါးခု ခန့် ဖြေပြီးနောက် ဦးဆောင်သူနေရာကို ရယူရန် ကိုယ့်သဘောအလျောက်ဆောင်ရွက်မည်သူတစ်ဦးကို မေးမြန်းကြည့်ပါ။ ကိုယ့်သဘောအလျောက်ဆောင်ရွက်သူကို မေးခွန်းအချို့အတွက် ဦးဆောင်စေပြီးနောက် နောက်တစ်ကြိမ် အခြားတစ်ယောက်ကို ဦးဆောင်ဖို့ရန်အတွက် ပြောဆိုပါ။ မေးခွန်းအားလုံး ဖြေဆိုပြီးသည်အထိ ထပ်ခါထပ်ခါ ပြုလုပ်ပါ။

## အခန်းအကျဉ်းချုပ်

- လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အခြားသော ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများ၏ခြေရာကို ထိန်းသိမ်းသင့်သည်။
- လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် လုံခြုံစွာ နေထိုင်သင့်ပြီး အခြားသောပါဝင်သူများ၏ အိမ်ကို သွားရောက်မလည်ပတ်သင့်ပေ။
- လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အကယ်၍အခြားသော ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ပါဝင်သူများသည် အန္တရာယ်ရှိနေခဲ့လျှင်၊ ဖျားနေခဲ့လျှင် သို့မဟုတ် ရွှေ့ပြောင်းသွားလာခဲ့လျှင် လူကြီး ဦးဆောင်သူကို ပြောကြားသင့်သည်။
- လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အခန်းများ ပြင်ဆင်ရန်အတွက် ထိုအရာများသည် ၎င်းတို့၏ကျောင်းအလုပ်ကို မထိခိုက် သို့မဟုတ် အန္တရာယ်ရှိသောနေရာ မဟုတ်သေးသမျှ လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများကို ကူညီနိုင်သည်။
- ကလေးသူငယ် အကာအကွယ်ပေးရေးမူဝါဒ သဘောတူညီမှုတွင် လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အခန်းတစ်ခုထဲတွင် လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ဦးနှင့် တစ်ယောက်တည်း ဖြစ်မနေသင့်ပေ။

## ပိတ်သိမ်းခြင်း

လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူတစ်ယောက် ဖြစ်ရခြင်းသည် အကျိုးကျေးဇူးများစွာ ရှိကြောင်းကို ရှင်းပြပါ။ ထိုအရာသည် သူတို့ကို ကျွမ်းကျင်မှုများတည်ဆောက်ရန်နှင့် အနာဂါတ်တွင် ကူညီမည့်အတွေ့အကြုံများ ရရှိစေနိုင်သည်။

အကယ်၍ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် အခန်းများအားလုံး တက်ရောက်ခဲ့လျှင် သူတို့သည် အဆင့် ၃ အားပေးမှု ဆုများရရှိမည်ဖြစ်ပြီး အနာဂါတ်တွင် လူကြီးကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ ဖြစ်လာဖို့ အသုံးချရန် သင့်လျော်လိမ့်မည်ဖြစ်ကြောင်း ရှင်းပြပါ။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ သည် သူငယ်ချင်းများနှင့်တွေ့ဆုံရန်နှင့် သူတို့ကိုယ်သူတို့ ကာကွယ်ရာတွင် ကူညီနိုင်မည့် ကျွမ်းကျင်မှုများကို သင်ယူလေ့လာရန်အတွက် ကောင်းမွန်လှသော နေရာတစ်ခုဖြစ်ကြောင်းကို လူငယ်များကို သတိပေးပါ။

နောက်ဆုံးမှာ သူတို့သည် သူတို့၏လူ့အဖွဲ့အစည်းထဲတွင် ခေါင်းဆောင်များ ဖြစ်လာစေရန် အခွင့်အရေးတစ်ခုကို ပေးအပ်ခြင်း ခံရပြီး ဂေါလ်ဗီရှင်နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သူတို့ ပြုလုပ်မည့် ကြီးကျယ်သော ကိစ္စရပ်များအကြောင်းကို စောင့်မျှော်နေကြောင်း လူငယ်များကို ပြောကြားပါ။

ပူးပေါင်းပါဝင်ကြတဲ့အတွက် အားလုံးသော ပါဝင်သူများကို ကျေးဇူးတင်ပါသည်။

ထောက်ခံစာများကို ဝေပါ။

## IS 14a - မှတ်ဉာဏ်ဘောလုံး ကစားနည်း မေးခွန်းများ ၂

၁။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဆိုသည်မှာ အဘယ်နည်း။
၂။ ဦးဆောင်သူဆိုသည်မှာ အဘယ်နည်း။
၃။ ကျွမ်းကျင်သော လမ်းပြလူငယ်သင်တန်း လက်စွဲစာအုပ် ဆိုသည်မှာ အဘယ်နည်း။
၃။ IS ဆိုသည်မှာ အဘယ်နည်း။
၅။ ကျွမ်းကျင်သောလမ်းပြလူငယ် Booklet ဆိုသည်မှာ အဘယ်နည်း။
၆။ အခန်းဆိုသည်မှာ အဘယ်နည်း။
၇။ အခန်းတစ်ခန်းသည် မည်မျှ အချိန်ကြာသနည်း။
၈။ လူကုန်ကူးခြင်းဆိုသည်မှာ အဘယ်နည်း။
၉။ ရွှေ့ပြောင်းသွားလာခြင်းဆိုသည်မှာ အဘယ်နည်း။
၁၀။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် လူငယ်များသည် မည်သည့်အရာများ လေ့လာသင်ယူရမည်နည်း။
၁၁။ ဘဝကျွမ်းကျင်မှုများဆိုသည်မှာ အဘယ်နည်း။
၁၂။ အခန်းများကိုတက်ရောက်သည့်အတွက် သင် မည်သည့်အရာများ ရရှိမည်နည်း။
၁၃။ အဆင့်၃ ဆုများကိုရရှိဖို့ရန်အတွက် အခန်းမည်မျှ သင်တက်ရောက်ရမည်နည်း။

**အခန်း ၁ တွင် မေးခွန်း ၁ မှ ၁၃ ထိ အဖြေများ ပါပါသည်။**

၁၄။ ဆွေးနွေးပွဲတစ်ခုကို ဦးဆောင်ရန်အတွက် သင်သည် မည်သည့်ကျွမ်းကျင်မှုအချို့ကို အသုံးပြုနိုင်သနည်း။

**အဖြေများ -**

- နှုတ်ဆိတ်နေသောလူငယ်များ ပါဝင်ပါစေ။
- ပြန်လည်ဖွဲ့ဆိုပါ။
- စကားအလွန်ပြောဆိုသူများကို အချိန်ကန့်သတ်ပေးပါ။
- နားထောင်ပါ။
- မေးခွန်း များများမေးပါ။

၁၅။ လူငယ် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများသည် စာမဖတ်တတ်သော ပါဝင်သူများကို မည်ကဲ့သို့ ကူညီနိုင်သနည်း။

**အဖြေများ -**

- သူတို့နောက်တွင် ထိုင်၍ ခေါက်ထားသော ဖယားစာရွက်ကို ကျယ်ကျယ်ဖတ်ပြပါ။
- အဖွဲ့ကို အတွဲတွေအဖြစ် ခွဲထုတ်သောအခါ သူတို့နှင့်တွဲဖက်ဖြစ်အောင် လုပ်ဆောင်ပါ။
- အဖွဲ့ငယ် ဆွေးနွေးပွဲများတွင် ၎င်းတို့နှင့် ပူးပေါင်းပါ။
- သူတို့ကို လေးစားမှုဖြင့် ဆက်ဆံပါ။
- သူတို့ စာမဖတ်တတ်ကြောင်းကို အခြားသော လူငယ်ပါဝင်သူများကို မပြောပြပါနှင့်။

၁၆။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အဖွဲ့ဝင်တစ်ယောက် အခန်းများသို့ မလာတော့ပါက သင် မည်သို့ပြုလုပ်သင့်သနည်း။

**အဖြေ -**

- ထိုလူငယ်၏သူငယ်ချင်းများကို သူ သို့မဟုတ် သူမ အဘယ်ကြောင့်မလာရသလဲဟု မေးမြန်းပြီး လူကြီး ဦးဆောင်သူကို ပြောပြပါ။

အကယ်၍ မိဘတစ်ဦးဦးက ရိုက်သောကြောင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက် မလာတော့ပါက သူ၏ သို့မဟုတ် သူမ၏ အိမ်ကို သင် သွားသင့်ပါသလား။

**အဖြေ** -

- မသွားသင့်ပါ၊ သင်သည် ပြဿနာအကြောင်းကို လူကြီး ဦးဆောင်သူကို ပြောကြားသင့်သည်။

၁၇။ အကယ်၍သင်သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ အဖွဲ့ဝင်တစ်ယောက် ဖျားနေကြောင်းကြားသိပါက သင် မည်သို့ ပြုလုပ်သင့်သနည်း။

**အဖြေ** -

- လူကြီး ဦးဆောင်သူကို ပြောကြားပါ။

၁၈။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် သူငယ်ချင်းတစ်ယောက်က သူသည် ရွှေ့ပြောင်းသွားလာတော့မည် ဆိုတာကို သင့်ကို ပြောကြားခဲ့ပါက သင်မည်သို့ ပြုလုပ်သင့်သနည်း။

**အဖြေ** -

- လူကြီး ဦးဆောင်သူကို ပြောကြားပါ။